# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၅)ရက်မြောက်နေ့ မှတ်တမ်း

၂၀၁၉



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း | ၄ |
| ၅ | ၁၆-၁၁-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးတွင် အရပ်ရပ် ကုန်ဈေးနှုန်း တရိပ်ရိပ်တက်နေမှုအား ထိန်းချုပ်မည့်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း၏ တစ်ဆက်တစ်စပ်တည်းမေးခွန်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားမှုအား မည်သို့ဖြေရှင်း မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၆ | ဟင်္သာတမြို့နယ်အတွင်း ပညာရေးကောလိပ်ကျောင်းတစ်ကျောင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၇ | ရွာငံမြို့နယ်အတွင်းရှိ ယကြီးကျေးရွာအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)နှင့် ကျောက်ကူပြင် ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့အား အခြေခံပညာအထက်တန်းအဆင့်သို့ တိုးမြှင့်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၂ |
| ၈ | မိုးကောင်းမြို့နယ်၊ ကြာအင်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ)တွင် အမှန်တကယ် လိုအပ်လျက်ရှိသော ကျောင်းဆောင်သစ်အား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၉ | ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ဝါးဖြူတောင်ရွာ အခြေခံပညာအထက်တန်းကျောင်းအား တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနအဖြစ် ဖွင့်လှစ်လိုသောကြောင့် သတ်မှတ်ထားသည့်အချက်အလက် များနှင့် ကိုက်ညီမှုရှိအောင်ဆောင်ရွက်ပြီး ၇-၉-၂၀၁၇ ရက်နေ့တွင် မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီးသို့ လုပ်ထုံးလုပ်နည်းအတိုင်း အဆင့်ဆင့်တင်ပြရာတွင် အကြောင်းပြချက်မရှိဘဲ နောင်နှစ်တွင်သာ ထပ်မံလျှောက်ထားရန် ညွှန်ကြားခဲ့သဖြင့် ၎င်းကျောင်းအား တက္ကသိုလ်ဝင် စာမေးပွဲစာစစ်ဌာန အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၈ |

| | | |
|---|---|---|
| ၁၀ | အင်္ဂပူမြို့နယ်ရှိ အ.ထ.က(ခွဲ) လူပျိုတော်ကွင်းကျောင်းနှင့် အ.ထ.က(ခွဲ) ချင်းကုန်းကျောင်း နှစ်ကျောင်း အား အ.ထ.က အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၃ |
| ၁၁ | တံတားဦးမြို့နယ်၊ တောင်ဘီလူကျေးရွာ အခြေခံပညာအထက်တန်းကျောင်း တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၇ |
| ၁၂ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ရာဇသတ်ကြီးကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း | ၂၉ |
| ၁၃ | ဒေါ်ဇင်မာအောင်၊ ရန်ကင်းမဲဆန္ဒနယ်က တင်သွင်းသည့် ဒီဂျစ်တယ်စာတတ်မြောက်မှု(Digital Literacy)အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်စီမံကိန်းနှင့် (Digital Literacy Framework)မူဘောင် ရေးဆွဲချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၃၅ |
| ၁၄ | ဒေါ်ဇင်မာအောင်၊ ရန်ကင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း | ၄၈ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၅၀ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## (၁၅)ရက်မြောက်နေ့ အစီအစဉ်

## [ ၂၀-၂-၂၀၁၉ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ကော်မတီ(၁၄)ခု သက်တမ်း တိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၏ **၁၆-၁၁-၂၀၁၆ နေ့ ဒုတိယ အကြိမ်ပြည်သူ့လွှတ်တော်၊ တတိယပုံမှန်အစည်းအဝေးတွင် အရပ်ရပ် ကုန်ဈေးနှုန်း တရိပ်ရိပ်တက်နေမှုအား ထိန်းချုပ်မည့် အစီအစဉ် ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း၏ တစ်ဆက်တစ်စပ်တည်း မေးခွန်း နှင့် ပတ်သက်၍ ဆောင်ရွက်ထားမှုအား မည်သို့ဖြေရှင်း မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်မောင်ရီ၊ ဟသ်ာတ မဲဆန္ဒနယ်၏ **ဟသ်ာတမြို့နယ်အတွင်း ပညာရေးကောလိပ်ကျောင်းတစ်ကျောင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်စိုးမင်း၊ ရွာင် မဲဆန္ဒနယ်၏ **ရွာင်မြို့နယ်အတွင်းရှိ ယကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) နှင့် ကျောက္ကူပြင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တို့အား အခြေခံပညာ အထက်တန်း အဆင့်သို့ တိုးမြှင့်ပေးပါရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးဝင်းနိုင်၊ မိုးကောင်း မဲဆန္ဒနယ်၏ **မိုးကောင်းမြို့နယ်၊ ကြာအင်း ကျေးရွာအလယ်တန်းကျောင်း(ခွဲ)တွင် အမှန်တကယ် လိုအပ်လျက် ရှိသော ကျောင်းဆောင်သစ်အား အနီးစပ်ဆုံး ဘဏ္ဍာနှစ်တွင် လျာထား ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဒုတိယဗိုလ်မှူးကြီးသောင်းစိန်၊ တပ်မတော်သားကိုယ်စားလှယ်၏ **ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ဝါးဖြူတောင်ရွာ အခြေခံပညာ အထက်တန်းကျောင်းအား တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနအဖြစ် ဖွင့်လှစ်လိုသောကြောင့် သတ်မှတ်ထားသည့် အချက်အလက်များနှင့် ကိုက်ညီမှုရှိအောင်ဆောင်ရွက်ပြီး ၇–၉–၂၀၁၇ ရက်နေ့တွင် မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီးသို့ လုပ်ထုံးလုပ်နည်းအတိုင်း အဆင့်ဆင့် တင်ပြရာတွင် တစ်စုံတစ်ရာ အကြောင်းပြချက်မရှိဘဲ နောင်နှစ်တွင်သာ ထပ်မံလျှောက်ထားရန် ညွှန်ကြားခဲ့သဖြင့် ၎င်းကျောင်းအား တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအေးဝင်း၊ အင်္ဂပူ မဲဆန္ဒနယ်၏ **အင်္ဂပူမြို့နယ်ရှိ အ.ထ.က(ခွဲ) လူပျိုတော်ကွင်းကျောင်းနှင့် အ.ထ.က(ခွဲ) ချင်းကုန်းကျောင်း (၂)ကျောင်းအား အ.ထ.ကအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်စိုးနွယ်အေး၊ တံတားဦး မဲဆန္ဒနယ်၏ **တံတားဦးမြို့နယ်၊ တောင်ဘီလူး ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၈။ ဒေါ်ဇင်မာအောင်၊ ရန်ကင်း မဲဆန္ဒနယ်က တင်သွင်းသည့် **"ဒစ်ဂျစ်တယ် စာတတ်မြောက်မှု (Digital Literacy)အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေး အတွက် နိုင်ငံတော် အဆင့်စီမံကိန်းနှင့် (Digital Literacy Framework) မူဘောင်ရေးဆွဲချမှတ် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၊

(ခ) ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်၊

(ဂ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၊

(င) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**(၁၅)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်**

**(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၇၃ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၁၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၃ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၂ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၂) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၃) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၁ ရက်၊

(၄) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊

**မူကြမ်း**

(၅) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၆) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊

(၇) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊

(၈) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ခွင့် ၁ ရက်၊

(၉) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊

(၁၀) အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် ခွင့် ၁ ရက်၊

(၁၁) ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့် ခွင့် ၁ ရက်၊

(၁၂) မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင် ခွင့် ၁ ရက်၊

(၁၃) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း ခွင့် ၁ ရက်၊

(၁၄) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော် ခွင့် ၃ ရက်၊

(၁၅) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးခင်မောင်စိုး ခွင့် ၃ ရက်၊

(၁၆) ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ ခွင့် ၃ ရက်၊

(၁၇) လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး ခွင့် ၃ ရက်၊

(၁၈) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း ခွင့် ၃ ရက်၊

(၁၉) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၃ ရက်၊

(၂၀) သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည် ခွင့် ၃ ရက်၊

(၂၁) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၁ ရက်၊

(၂၂) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊

(၂၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးဒေါ်သိမ့်သိဂီထွေးအောင် ခွင့် ၃ ရက်၊

(၂၄) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၃ ရက်၊

(၂၅) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၃ ရက်၊

(၂၆) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၂၇) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၁ ရက်၊

(၂၈) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၃ ရက်၊

(၂၉) အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ခွင့် ၁၀ ရက်၊

(၃၀) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

**မူကြမ်း**

(၃၁) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်နှင့်

(၃၂) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၈ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၂ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၆၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၆၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ကော်မတီ(၁၄)ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသော ကော်မတီ(၁၄)ခုအား သက်တမ်းတိုးမြှင့်ခြင်းကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းခဲ့တဲ့ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီတို့၏သက်တမ်းကို ၁၇-၂-၂၀၁၉ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ်အထိ လည်းကောင်း၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏

**မူကြမ်း**

သက်တမ်းကို ၁၉-၂-၂၀၁၉ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ်အထိလည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီတို့၏ သက်တမ်းကို ၂၂-၂-၂၀၁၉ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ်အထိလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ သက်တမ်းကို ၂၄-၂-၂၀၁၉ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ်အထိလည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့် အရေးဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံ ခန့်ခွဲမှုကော်မတီတို့၏ သက်တမ်းကို ၂၆-၂-၂၀၁၉ ရက်မှစ၍ နောက်ထပ်တစ်နှစ်အထိလည်းကောင်း ထပ်မံတိုးမြှင့် သတ်မှတ်မှာဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**၁၆-၁၁-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် အရပ်ရပ် ကုန်စျေးနှုန်း တရိပ်ရိပ်တက်နေမှုအား ထိန်းချုပ်မည့်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း၏ တစ်ဆက်တစ်စပ်တည်းမေးခွန်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားမှုအား မည်သို့ဖြေရှင်းမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ အရပ်ရပ်ကုန်စျေးနှုန်း တရိပ်ရိပ်တက်နေမှုအား ထိန်းချုပ် မည့် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း၏ တစ်ဆက်တစ်စပ်တည်းမေးခွန်းနှင့် ပတ်သက်၍ ဆောင်ရွက်ထားမှုအား မည်သို့ဖြေရှင်းပါမည်နည်းကို သိရှိလိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းမေးမြန်းရတဲ့ ကျိုးကြောင်းဖော်ပြချက်များကို ဆက်လက်တင်ပြလိုပါတယ်။ အဓိကအချက်ကြီး(၃)ချက် ပါဝင်ပါတယ်ရှင့်။ အချက်(၁)ကတော့ မိမိတာဝန်ကျန်ရှိနေသေးတယ်လို့ ယူဆလို့ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ၁၆-၁၁-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် အရပ်ရပ်ကုန်စျေးနှုန်း တရိပ်ရိပ်တက်နေမှုအား ထိန်းချုပ်မည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသောမေးခွန်းကို မေးမြန်းခဲ့ပါတယ်။ အဆိုပါမေးခွန်းဖြေကြားရာတွင် ဖြေကြားချက်များ လိုအပ်နေသေးသည်ဟုယူဆ၍လည်းကောင်း၊ ထိုစဉ်က မေးခွန်းနံပါတ်(၃)ပါ ထိုစီစဉ်ဆောင်ရွက်မှုသည် ပြည်သူလူထု၏လူမှုဘဝမှာ မည်မျှအထိအကျိုးသက်ရောက်နိုင်သည်ဆိုသည့်မေးခွန်းကို ဖြေဆိုချက်တွင်မပါဝင်ဘူးဟု ယူဆ၍လည်းကောင်း ကျွန်မကနေပြီးတော့ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးမြန်းခဲ့ပါတယ်။ အဆိုပါ ဖြေကြားချက်တွင်တော့ ကျယ်ကျယ်ပြန့်ပြန့်ဖြေရှင်းနိုင်ဖို့အတွက် နောက်တစ်ကြိမ် Session မှာ ခွင့်ပြုဖို့ပြောကြားခဲ့ပါတယ်။ သို့ရာတွင် နှစ်နှစ်ကျော်ကြာတဲ့ ယနေ့အချိန်အထိတော့ စာဖြင့်ဖြေကြားချက် မရရှိသေးခြင်းကြောင့် ယခုကဲ့သို့ မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အချက်(၂)မှာတော့ အရပ်ရပ်ကုန်စျေးနှုန်းတွေဟာ တရိပ်ရိပ်ထပ်တက်နေခြင်းကြောင့်ပဲဖြစ်ပါတယ်။ ဒါကြောင့် ဝင်ငွေအကန့်အသတ်ရှိသူများနှင့် ပုံမှန်ဝင်ငွေမရှိသူများဖြစ်တဲ့ မြန်မာပြည်သူပြည်သားအများစုအတွက်တော့ နောက်ဆက်တွဲအကြပ်အတည်းများစွာကို ရင်ဆိုင်ကြရပါတယ်။ မေးခွန်းမေးမြန်းရခြင်းရဲ့အချက်(၃)ကတော့ စီးပွားရေးရှုထောင့်အရ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးနှင့်နိုင်ငံရေးဟာ ခွဲခြားမရတာကြောင့် နိုင်ငံရေးတည်ငြိမ်ဖို့ စီးပွားရေးမှာလည်း တည်ငြိမ်ပြီးဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ပါတယ်။ ယခုအချိန်မှာ မြန်မာနိုင်ငံအနေနဲ့ အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ရင်တောင် Inflation Rate ငွေကြေးဖောင်းပွမှုနှုန်းက အမြင့်ဆုံးဖြစ်နေတာကြောင့် ဒီအခြေအနေကပဲ ကုန်စျေးနှုန်းကြီးမြင့်မှုကို ဖြစ်ပေါ်စေပြန်ပါတယ်။ ဒါကြောင့် အစိုးရမှ လိုအပ်သော မူဝါဒများချမှတ်ပြီး ကုန်စျေးနှုန်းကို ထိန်းညှိဆောင်ရွက်ပေးနိုင်ဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်တွေက မိမိတို့တာဝန်အရ ယခုလိုထိန်းညှိတဲ့ မေးခွန်းများကြောင့် အစိုးရလုပ်ဆောင်နေတဲ့ မူဝါဒနှင့် အစီအမံတွေကို ပြည်သူများက အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မှာဖြစ်ပါတယ်။ ဒါမှသာ ပြည်သူတွေရဲ့ယုံကြည်မှုများ ရရှိနိုင်ပြီး နိုင်ငံရဲ့အသွင်ကူးပြောင်းနေသောကာလမှသည် စနစ်ကောင်းရောက်သည်အထိ ပြည်သူနှင့်အတူ လျှောက်လှမ်းနိုင်မှာဖြစ်ပြီး အောင်မြင်နိုင်မှာလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကုန်စျေးနှုန်းတွေတက်နေတယ်။ ထပ်တက်

**မူကြမ်း**

နေပြန်ပြီ။ မည်သို့စီစဉ်ဆောင်ရွက်ပေးပါမလဲလို့ ပန်းတောင်းမှာ လူထုတွေ့ဆုံပွဲများပြုလုပ်တဲ့အခါမှာ ပန်းတောင်းမဲဆန္ဒနယ်မှ ပြည်သူအချို့က တင်ပြတာရှိသလို မြန်မာပြည်သူအများစုလည်း သိချင်နေလောက်မယ်လို့ထင်တဲ့ အထက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ခင်နှင်းသစ်ရဲ့ အရပ်ရပ်ကုန်ဈေးနှုန်း တရိပ်ရိပ်တက်နေမှုအား ထိန်းချုပ်မည့် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေကို ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၃၅ မှာ နိုင်ငံတော်ရဲ့စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဈေးကွက်စီးပွားရေးစနစ်မှာ ကုန်စည်ဈေးနှုန်းများကို ဈေးကွက်ရောင်းလိုအားနှင့် ဝယ်လိုအားတို့က သတ်မှတ်ပါတယ်။ ဗဟိုထိန်းချုပ်မှုရှိတဲ့စနစ်မှာလို အစိုးရအနေနဲ့ ဈေးကွက်ကို တိုက်ရိုက်ဝင်ရောက်စွက်ဖက်မှုမရှိတော့သော်လည်း ဖြစ်သင့်တဲ့ဈေးနှုန်းထက်ကျော်လွန်ကာ ကုန်ဈေးနှုန်းများအလွန်အမင်းမြင့်တက်မှု မဖြစ်ပေါ်စေရန်နှင့် မှန်ကန်မျှတတဲ့ ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပေါ်စေရန်အတွက် သွယ်ဝိုက်ထိန်းချုပ်သောနည်းလမ်းများဖြင့် လက်ရှိအစိုးရက ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကမ္ဘာ့ဈေးကွက်များနဲ့ဆက်စပ်နေတဲ့ မြန်မာနိုင်ငံမှာ ပြည်တွင်းကုန်ဈေးနှုန်းများဟာ ကမ္ဘာ့ကုန်စည်ဈေးနှုန်းများနဲ့လည်း ဆက်စပ်နေတယ်ဆိုတာ တွေ့ရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ဘဏ်ရဲ့စာရင်းများအရ ၁၉၈၃ ခုနှစ်မှ ၂၀၁၇ ခုနှစ် အထိ ကမ္ဘာ့ဈေးနှုန်းများနဲ့ မြန်မာနိုင်ငံဈေးနှုန်းများဆက်စပ်နေပုံကို Power Point ဖြင့် အသုံးပြု တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ Power Point ကိုကြည့်မယ်ဆိုရင် ကမ္ဘာမှာရော၊ မြန်မာနိုင်ငံ

မှာပါ ကုန်စျေးနှုန်းများဟာ နှစ်စဉ်မြင့်တက်လျက်ရှိတာကိုတွေ့ရမှာဖြစ်ပါတယ်။ ကမ္ဘာ့စျေးနှုန်းများနှင့် မြန်မာ့စျေးနှုန်းများဟာ ၂၀၁၁ ခုနှစ်နောက်ပိုင်းမှာ ပိုမိုဆက်စပ်မှုရှိလာတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ကုန်စျေးနှုန်းများမြင့်တက်မှု သို့မဟုတ် ငွေကြေးဖောင်းပွမှုကို လေ့လာရင် ၂၀၀၉ ခုနှစ်မတိုင်မီက ၁၀ ဂဏန်းကျော်တဲ့ငွေဖောင်းပွမှု(Double Digit Inflation)ဖြစ်ခဲ့ပြီး ၁၉၉၈ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်များမှာတော့ Hyper Inflation လို့ခေါ်နိုင်တဲ့ ၅၀ ရာခိုင်နှုန်းထက် မြင့်မားတဲ့ကုန်စျေးနှုန်းမြင့်တက်မှုများ ဖြစ်ပေါ်ခဲ့တာကို တွေ့ရပါတယ်။ စျေးကွက်စီးပွားရေးစနစ်ကို ကူးပြောင်းပြီးချိန်မှာတော့ မြန်မာနိုင်ငံရဲ့ကုန်စည်စျေးနှုန်းမြင့်တက်မှုဟာ ၁၀ ရာခိုင်နှုန်းအောက်မှာရှိလာခဲ့ပြီး ကမ္ဘာ့စျေးနှုန်းများမြင့်တက်မှုနှင့် လိုက်လျောညီထွေမှုရှိလာတာကို တွေ့ရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးပြောကြားခဲ့သလို လွန်ခဲ့တဲ့သုံးနှစ်အတွင်း မြန်မာနိုင်ငံရဲ့ ကုန်စျေးနှုန်းမြင့်တက်မှုဟာ ဗဟိုစာရင်းအဖွဲ့ရဲ့စာရင်းများအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ၅.၄၂ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှာ ၈.၃၃ ရာခိုင်နှုန်းသို့ရောက်ရှိခဲ့ပါတယ်။ သို့သော်လည်းပဲ ဒီကုန်စျေးနှုန်းတိုးတက်မှုဟာ ၁၀ ရာခိုင်နှုန်းကျော်တဲ့ ငွေဖောင်းပွမှု(Double Digit Inflation) မဟုတ်သလို ထိန်းချုပ်မရတဲ့ငွေဖောင်းပွမှု(runaway inflation) သို့မဟုတ် (Hyper Inflation)မဟုတ်ဘူးဆိုတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ကုန်စျေးနှုန်းများတက်ရခြင်းကို လေ့လာဆန်းစစ်ရာမှာ ကုန်စည်နဲ့ ဝန်ဆောင်မှုများရဲ့ဝယ်လိုအားနှင့် ရောင်းလိုအား မညီမျှခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်တက်လာခြင်း၊ ပြည်တွင်းလှည့်လည်ငွေကြေးပမာဏ တိုးတက်လာခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားနေခြင်း၊ သိုလှောင်သယ်ယူပို့ဆောင်စရိတ်(Logistic Cost)မလျှော့ချနိုင်ခြင်း၊ အခြားမလိုလားအပ်သော အဆင့်ဆင့်ကုန်ကျစရိတ်များရှိနေခြင်းနှင့် ကုန်သွယ်မှုလိုငွေ(Trade Deficit) ဖြစ်ပေါ်နေခြင်းစတဲ့အကြောင်းများကြောင့် ဖြစ်တယ်ဆိုတာကို တွေ့ရပါတယ်။ ကုန်စည်စျေးနှုန်းများ တည်ငြိမ်ရေးအတွက် ထုတ်လုပ်မှုစွမ်းအားတိုးတက်ရန် ဆောင်ရွက်ခြင်း၊ ကုန်စည်စီးဆင်းမှုမှန်ကန်အောင်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်မှုကိုပိုမိုလွယ်ကူစေခြင်း(Ease of doing business)၊ တစ်နေရာတည်းမှာ ကုန်စည်ရှားပါးမှုမဖြစ်အောင်စျေးကွက်စောင့်ကြည့်ခြင်းနှင့် ထုတ်လုပ်မှုနဲ့ စျေးကွက်သတင်းအချက်အလက်များဖြန့်ဝေခြင်း၊ ရာသီအလိုက်ပြောင်းလဲနေတဲ့ ကုန်စည်စျေးကွက်များမှာ စျေးနှုန်းထိန်းညှိနိုင်ရန် အချိန်ပိုင်းအလိုက်ပြည်ပမှတင်သွင်းခွင့်ပြုခြင်းစတာများနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ကုန်စည်စျေးနှုန်းကျဆင်းရေးအတွက် အကောက်ခွန်နှုန်းထားများ လျှော့ချလျက်

ရှိရာမှာ အကောက်ခွန်နှုန်းလိုင်းအများစုရဲ့ကောက်ခံမှုဟာ သုညရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် မြန်မာအလိုအလျောက်ကုန်ပစ္စည်းရှင်းလင်းရေးစနစ်(Myanmar Automated Cargo Clearance System)ကို ရန်ကုန်မြို့နဲ့ မြဝတီမြို့မှာ စတင်ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်ရဲ့လမ်းပန်း/အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်ဓာတ်အားပိုမိုရရှိရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများကို သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရန်လည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းကြောင့် ပြည်ပမှတင်သွင်းရတဲ့ စားအုန်းဆီ၊ စက်သုံးဆီ၊ ဆေးဝါးစတဲ့ ကုန်ပစ္စည်းများရဲ့ဈေးနှုန်းကို ပြောင်းလဲစေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ မြန်မာကျပ်ငွေလဲလှယ်နှုန်းတည်ငြိမ်စေရန်၊ နိုင်ငံခြားသုံးငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရန်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းများ ကွာဟချက်နည်းပါးစေရန်အတွက် အစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ သယ်ယူပို့ဆောင်မှုစရိတ်မြင့်တက်မှုကြောင့် ကုန်စည်ဈေးနှုန်းများမြင့်တက်ခြင်းကို လျော့ပါးသက်သာစေရန်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ဂိတ် ၁၆၁ ဂိတ်မှာ လမ်းအသုံးပြုခကောက်ခံခြင်းမပြုတော့ဘဲ ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါတယ်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း တံတားကိုးစင်းမှာ ဖြတ်သန်းခများ ကောက်ခံခြင်းကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ရပ်ဆိုင်းခဲ့ပြီး ဆိပ်ကမ်းများတွင် ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ပကုန်သွယ်မှုအပိုင်းမှာလည်း မရှိမဖြစ်လိုအပ်သောကုန်စည်မဟုတ်တဲ့ သွင်းကုန်များလျှော့ကျနိုင်ရန် လိုင်စင်ထုတ်ပေးမှုကို ပမာဏနှင့်အချိန်ကာလကန့်သတ်၍ တင်သွင်းနိုင်ရန်ဆောင်ရွက်ထားပြီး တစ်ဖက်မှာလည်း ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာကိုရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။ နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုရေရှည်တည်တံ့ခိုင်မြဲစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံရဲ့ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းစီမံကိန်း

မှာ စီးပွားရေးအဆောက်အဦ ခိုင်မာအားကောင်းလာစေရန်နှင့် မေခရီစီးပွားရေးတည်ငြိမ်စေရေး ကိစ္စရပ်များ ပါဝင်ပါတယ်။ MSDP ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်တာနဲ့အမျှ စီးပွားရေး တိုးတက်မှုနဲ့ ကုန်ဈေးနှုန်းများတည်ငြိမ်မှုကို အထောက်အကူပြုစေမှာဖြစ်ပါတယ်။ အထက်တွင် ဖော်ပြ သကဲ့သို့ မြန်မာနိုင်ငံမှာ ကုန်ဈေးနှုန်းများမြင့်တက်နေခြင်းဟာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဈေးနှုန်း အတက်အကျသာ ဖြစ်ပါတယ်။ ထူးကဲသော ကုန်ဈေးနှုန်းမြင့်တက်ခြင်းများကို ကြုံတွေ့ရပါကလည်း အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေနှင့်အညီ ကန့်သတ်တားဆီးမှုများ ပြုလုပ်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနဲ့ ပေါင်းစပ်ညှိနှိုင်း၍ ထိန်းညှိမှု ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် အရပ်ရပ်ကုန်ဈေးနှုန်းတစ်ရိပ်ရိပ် တက်နေမှုကို သင့်လျော်သည့်ကုန်သွယ်ရေးမူဝါဒ၊ ငွေကြေးမူဝါဒနဲ့ ဘဏ္ဍာရေးမူဝါဒများဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ပူးပေါင်း၍ ထိန်းညှိဆောင်ရွက် လျက်ရှိနေပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဟသ်ာတမြို့နယ်အတွင်း ပညာရေးကောလိပ်ကျောင်းတစ်ကျောင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရီ(ဟသ်ာတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတ မဲဆန္ဒနယ်မှ ဦးခင်မောင်ရီ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ဟသ်ာတမြို့နယ်မှာ ပညာရေး ကောလိပ်ကျောင်းတစ်ကျောင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် စတင်မည်ကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်မှာ မြို့နယ်ပေါင်း ခြောက်မြို့နယ်ရှိပါတယ်။ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်း ကျောင်းများ စုစုပေါင်း ကျောင်းပေါင်း ၁၄၀၅ ကျောင်း ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ဟသ်ာတခရိုင်မှ ပညာရေးကောလိပ်များသို့ တက်ရောက်နေတဲ့ ပထမနှစ်တက်ဆဲ ၁၆၈ ဦး၊ ဒုတိယနှစ်

တက်ဆဲ ၂၁၀ ဦးရှိပါတယ်။ ဟသ်ာတမြို့မှာ ဟသ်ာတတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ စက်မှုလက်မှု အထက်တန်းကျောင်း၊ နည်းပညာတက္ကသိုလ်၊ သူနာပြုသင်တန်းကျောင်း၊ တစ်နိုင်ငံလုံးမှာ တစ်ကျောင်းတည်းသာရှိတဲ့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း စသည့်ကျောင်းများ ရှိပါတယ်။ အခြားသင်တန်းကျောင်းများ၊ တက္ကသိုလ်များရှိသော်လည်း ပညာရေးနဲ့ပတ်သက်တဲ့၊ သက်ဆိုင်တဲ့ ကောလိပ်၊ တက္ကသိုလ် မရှိပါဘူး။ ခရိုင်အတွင်းမှာ ပညာရေးကောလိပ်ကို တက်ရောက် သင်ကြားလိုတဲ့၊ စိတ်ဝင်စားကြတဲ့သူများအနေနဲ့ အခြားဝေးလံတဲ့နေရာများကို တက်ရောက်နေကြရတဲ့ အတွက် ငွေကြေးကုန်ကျမှုများတဲ့အတွက် အခက်အခဲများစွာ ရှိနေတာဖြစ်ပါတယ်။ ကျောင်းသားများ ရဲ့ပညာသင်စရိတ်နဲ့ သွားလာရေးအခက်အခဲများကို ကြုံတွေ့နေရပါတယ်။ ယနေ့ကျွန်တော်တို့ နိုင်ငံမှာ ပညာရေးဝန်ထမ်းဆရာဆရာမများ များစွာလိုအပ်နေတဲ့အချိန် ဖြစ်ပါတယ်။ နိုင်ငံရဲ့ လိုအပ်ချက်အရ ဝန်ထမ်းများတိုးချဲ့ခန့်ထားနိုင်ရန် လေ့ကျင့်သင်ကြားပေးတဲ့ ကျောင်းများလည်း လိုအပ်တဲ့အတွက် ပညာရေးကောလိပ်ကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာ ခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ရှေးဦးဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ဧရာဝတီတိုင်း ဒေသကြီး၊ ဟသ်ာတမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်ရီ၏မေးခွန်း ဖြစ်သော ဟသ်ာတမြို့နယ်အတွင်း ပညာရေးကောလိပ်ကျောင်းတစ်ကျောင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါကမည်သည့်အချိန်တွင် စတင်မည်ဖြစ်ကြောင်း သိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို ဖြေကြားတင်ပြပါမယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော် တို့ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ ပုသိမ်ပညာရေးကောလိပ်၊ မြောင်းမြပညာရေးကောလိပ်၊ ဘိုကလေးပညာရေးကောလိပ်တို့ကို ဖွင့်လှစ် ဆောင်ရွက်လျက်ရှိပြီး အဆိုပါပညာရေးကောလိပ်သုံးကျောင်းမှ နှစ်စဉ်လုပ်ငန်းခွင်ကြို ဆရာ အတတ်ပညာဒီပလိုမာလက်မှတ်ရ ဆရာဆရာမ ၉၅၀ ဦးခန့်၊ PPTT လက်မှတ်ရ ဆရာဆရာမ ၇၅၀ ဦး

ခန့် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ဟင်္သာတခရိုင်အတွင်းရှိ မူလတန်းအဆင့်သင် ကျောင်းသားနှင့်ဆရာအချိုးမှာလည်း သင့်တော်မျှတသောအချိုးရှိကြောင်း တင်ပြအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးအနေနဲ့ ဆရာ၊ ကျောင်းသားအချိုး ၁း၁၉ ခန့်ရှိပြီး ဟင်္သာတခရိုင်အနေနဲ့ကတော့ ၁း၁၆ ခန့် ရှိပါတယ်။

သို့ဖြစ်ပါ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆရာ၊ ကျောင်းသားလိုအပ်ချက်အချိုးအရလည်းကောင်း၊ ဟင်္သာတခရိုင်အတွင်း ဆရာ၊ ကျောင်းသားလိုအပ်ချက်အချိုးအရလည်းကောင်း သင့်လျော်မှုရှိနေသေးတဲ့အပြင် အဓိကအားဖြင့် တစ်ပြည်လုံးမှာ ဖွင့်လှစ်ဆောင်ရွက်နေတဲ့ နှစ်နှစ်သင်ပညာရေးကောလိပ် ၂၅ ကျောင်းလုံးကို လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်များအဖြစ်သို့ အဆင့်မြှင့်တင်နိုင်ရေးကို ဦးစားပေးဆောင်ရွက်နေရခြင်းဖြစ်ပါသောကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့တွင် ပညာရေးကောလိပ်အသစ်တစ်ခု ထပ်မံတိုးချဲ့ဖွင့်လှစ်ရန် ဦးစားပေးဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ရှောင်မြို့နယ်အတွင်းရှိ ယကြီးကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ကျောက္ကူပြင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့အား အခြေခံပညာအထက်တန်းအဆင့်သို့ တိုးမြှင့်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရှောင်မဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုးမင်း(ရှောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှောင်မြို့နယ်အတွင်းမှာရှိတဲ့ ယကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ကျောက္ကူပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့အား အထက်တန်းအဆင့် တိုးမြှင့်ပေးပါရန် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမမေးခွန်းအနေနဲ့ ရှောင်မြို့နယ် ယကြီးကျေးရွာအုပ်စု၊ ယကြီးကျေးရွာအခြေခံပညာအလက်တန်းကျောင်းသည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ပါတယ်။ ယခုအခါ ယကြီးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် အနီးပတ်ဝန်းကျင်ကျေးရွာ ၁၄ ရွာကို

ကျောထောက်နောက်ခံပြု၍ အလယ်တန်းကျောင်းနှစ်ကျောင်း၊ မူလတန်းလွန်ကျောင်းတစ်ကျောင်းနှင့် မူလတန်းကျောင်းငါးကျောင်းတို့မှ မှီခိုအားထားရသော ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ ကျောင်းသားဦးရေမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာကာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းသားဦးရေ ၄၂၉ ဦးအထိ ပညာသင်ကြားလျက်ရှိပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်မှုမှာလည်း ရှာငံမြို့နယ်အဆင့်တွင် ကောင်းမွန်သောရလဒ်ဖြင့် ကြိုးစားဆောင်ရွက်နေသော ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ယကြီးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဟာ ပင်မကျောင်းဖြစ်တဲ့ မြင်းကျဒိုး အခြေခံပညာအထက်တန်းကျောင်းနှင့် ခုနစ်မိုင်ကွာဝေးပါတယ်။ ဒေသခံပြည်သူများကလည်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဝိုင်းဝန်းဆောင်ရွက်ပေးကြမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယကြီးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အဆင့်တိုးမြှင့်ပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ ရှာငံမြို့နယ် ကျောက္ကူပြင်ကျေးရွာအုပ်စု၊ ကျောက္ကူပြင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ ကျောက္ကူပြင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ ကျေးရွာအုပ်စုတစ်စု၊ ကျေးရွာပေါင်း ၁၃ ရွာ ကျောထောက်နောက်ခံပြု၍ အခြေခံပညာမူလတန်းလွန်ကျောင်းတစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းသုံးကျောင်း၊ အခြေခံပညာမူလတန်းကျောင်းခြောက်ကျောင်းတို့မှ စုစုပေါင်းကျောင်းသားကျောင်းသူ ၁၇၃၆ ဦးရှိပါတယ်။ ရှာငံမြို့နယ်နှင့်ခြောက်မိုင်၊ ရေဦးမြို့နယ်နှင့် သုံးမိုင်ကွာဝေးပြီးတော့ ပင်မကျောင်းဖြစ်တဲ့ ရေဦးအခြေခံပညာအထက်တန်းကျောင်းနှင့် သုံးမိုင်ကျော်ကွာဝေးပါတယ်။ ကျောင်းသားကျောင်းသူများ သွားရေးလာရေးအတွက် အခက်အခဲများစွာဖြင့် ရင်ဆိုင်နေရပါတယ်။ နိုင်ငံတော်ကချမှတ်ထားတဲ့ ပညာရေးစီမံကိန်းအောင်မြင်စေရန် ကျောက္ကူပြင်ကျေးရွာအုပ်စုရှိ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်း ရပ်မိရပ်ဖများက စိတ်ပါဝင်စားစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကျောက္ကူပြင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ အဆင့်တိုးမြှင့်ပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ရှာငံမြို့နယ်အတွင်းရှိ ယကြီးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ကျောက္ကူပြင် အခြေခံပညာအထက်တန်းကျောင်း

(ခွဲ)တို့အား အထက်တန်းအဆင့်သို့ တိုးမြှင့်ပေးပါရန် အစီအစဉ်ရှိ/မရှိ မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရှမ်းပြည်နယ်၊ ရွာငံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးအောင်စိုးမင်း၏ မေးခွန်းဖြစ်သော ရွာငံမြို့နယ်အတွင်းရှိ ယကြီးကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ကျောက္ကူပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့အား အခြေခံပညာအထက်တန်းအဆင့်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ပညာသင်နှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ပြီးခဲ့တဲ့နှစ်အတွင်း ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းပေါင်း ၆,၈၆ ကျောင်းအဆင့်တိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကိုယ်စားလှယ်တော်ကြီးရဲ့ မဲဆန္ဒနယ် ရှမ်းပြည်နယ် ရွာငံမြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်း(ခွဲ)တစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းကိုးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခြောက်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်း စုစုပေါင်းအခြေခံပညာအဆင့်ကျောင်းပေါင်း ၁၉ ကျောင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် ဦးစားပေးအနေနဲ့ သတ်မှတ်မှုများမှာ အထက်အဆင့်သင်ကျောင်းသားကျောင်းသူ ၂၀၀ ဦးနှင့်အထက်ရှိခြင်း သွားလာရေးခက်ခဲသော တောင်တန်း၊ မြစ်၊ ချောင်းပေါ်များသည့် ဒေသများဖြစ်ပါက အနီးဆုံးအထက်တန်းအဆင့်သင်ကျောင်းနှင့် ၁၀ မိုင်အထက်ကွာဝေးခြင်းတို့ သတ်မှတ်ထားပါတယ်။ တင်ပြပါ ရှမ်းပြည်နယ် ရွာငံမြို့နယ် ယကြီးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အထက်တန်းအဆင့်သင် ကျောင်းသားကျောင်းသူ ၁၆၈ ဦးပဲရှိပါတယ်။ အနီးဆုံးအထက်တန်းအဆင့်သင်ကျောင်းဖြစ်သော မြင်းကျဒိုးအခြေခံပညာအထက်တန်းကျောင်းနှင့် ခုနစ်မိုင်၊ ကျောက္ကူပြင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အထက်

**မူကြမ်း**

တန်းအဆင့်သင် ကျောင်းသူကျောင်းသား ၇၈ ဦးသာရှိတဲ့အပြင် အနီးဆုံးအထက်တန်းအဆင့်သင် ဖြစ်တဲ့ ရေဦးအခြေခံပညာအထက်တန်းကျောင်းနှင့် ၃ မိုင်ခန့်သာအသီးသီးကွာဝေးသည်ကို စိစစ် တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ တင်ပြပါရှာင်မြို့နယ် ယကြီးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ကျောက္ကူပြင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့အား သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိသေး ပါ၍ ယခုလာမည့်နှစ်တွင် ဦးစားပေးကျောင်းအနေဖြင့် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်မရှိပါကြောင်း နှင့်လက်ရှိအားဖြင့်လည်း ကျောင်းသူကျောင်းသားများအနေဖြင့် အခြေခံပညာအထက်တန်းပညာရပ် များကို သင်ယူနိုင်မှုအခွင့်အလမ်းရှိနေပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်စိုးမင်း (ရှာင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအနေနဲ့ ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော် တစ်ခုလောက်တော့ ဆက်စပ်မေးခွန်းမေးချင်ပါတယ်။ ဘာလဲဆိုတော့ အ.ထ.က(ခွဲ)ကနေပြီးတော့ အ.ထ.က ကျောင်းအဆင့်တိုးတဲ့ သတ်မှတ်ချက်မှုမှာ ဘာပါလဲဆိုရင် အထက်ဆင့်ကျောင်းသားဦးရေ ၂၀၀ လို့သတ်မှတ်တယ်။ နောက်လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့နေရာတွေကို ၁၀ မိုင်လို့ သတ်မှတ် ပါတယ်။ ဆိုတော့ ဒီပုံစံအတိုင်းဆိုရင် ကျွန်တော်တို့ တောင်ပေါ်ဒေသတွေ၊ တိုင်းရင်းသားဒေသတွေ ဆိုတာက လမ်းပန်းဆက်သွယ်ရေးခက်ခဲတယ်။ ရာသီဥတုဆိုးရွားတယ်။ ဒီအခြေအနေဆိုရင် ဘယ်တော့မှ အထက်ဆင့်မရတဲ့အခြေအနေမှာရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တစ်ဆက် တစ်စပ်တည်းမေးချင်တာက ကျောင်းတွေမှာ လ(ခွဲ)တို့ မူလွန်လို့ သတ်မှတ်ချက်မှာ နှစ်မိုင်နှင့် သုံးမိုင် သတ်မှတ်ပေးထားတယ်။ ဒီ ထ(ခွဲ)ကနေ အ.ထ.ကကို အဆင့်တိုးမြှင့်တဲ့ သတ်မှတ်ချက်မှာ နောင်နှစ် တွေမှာ သတ်မှတ်မိုင်ကို ဖြေလျှော့ပေးပြီးတော့ တိုင်းရင်းသားဒေသတွေ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ဒေသတွေမှာ ဦးစားပေးပြီးတော့ နောင်နှစ်တွေမှာ ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တစ်ဆက်တစ်စပ်တည်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီကိုယ်စားလှယ်တော်ကြီး တင်ပြ ချက်ကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ လက်ခံပါတယ်။ ဒီ ၁၀ မိုင်ဆိုတာ ခုနကလို တောင်တန်း၊ ချိုင့်ဝှမ်းရှိရင် မြေပြန့်ခရီးနှင့်မတူပါဘူး။ အလွန်ခက်ခဲပါတယ်။ ထိုနည်းတူစွာပဲ ရောဝတီတိုင်းဒေသကြီး

ဆိုရင် ၁၀ မိုင်ဆိုတာ ကြားမှာ မြစ်ကြား၊ ချောင်းကြားရှိရင်လည်း အလွန်ခက်ခဲပါတယ်။ သို့သော် ကျွန်တော်စောစောကတင်ပြသလိုပဲ ကျွန်တော်တို့အစိုးရသစ် တက်လာပြီးတဲ့နောက်မှာ အများပြည်သူ ရဲ့ဆန္ဒ၊ လွှတ်တော်ကိုယ်စားလှယ်များ၏တင်ပြချက်၊ နောက်ပညာရေးလိုအပ်ချက်တွေနဲ့အညီ ကျောင်း အဆင့်တိုးခြင်းလုပ်ငန်းများကို ပထမဦးဆုံးနှစ်မှာ ကျောင်းပေါင်း ၃၀၀၀ ကျော်၊ ဒုတိယနှစ်မှာ ကျောင်းပေါင်း ၆၀၀၀ ကျော် ကျွန်တော်တို့ ဘဏ္ဍာငွေစွမ်းအားရှိသမျှ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိ ပါတယ်။ အဲဒီတော့ ဒီလိုဆောင်ရွက်ပေးတဲ့နေရာမှာ ကိုယ်စားလှယ်တော်ကြီးများ ဒီဆောင်ရွက်ပြီးစီးမှု ကိုပြန်လည်လေ့လာမယ်ဆိုရင် ရှေ့ပိုင်းနှစ်တွေမှာ မူလတန်းအဆင့်သင်ကျောင်းတွေကို ကွင်းကျန်မှု မရှိအောင် အထူးဂရုပြုပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီဆောင်ရွက်ပေးခဲ့လို့လည်း ကိုယ်စားလှယ် တော်ကြီးတင်ပြသလို နှစ်စဉ်ကျောင်းဝင်နှုန်းဟာလည်း သိသာစွာတိုးလာပါတယ်။ တိုးလာတဲ့အတွက် ယခုနှစ်ဆိုရင် ကျွန်တော်တို့ အလယ်တန်းကျောင်းအဆင့်တွေကို ဦးစားပေးပြီး ဆောင်ရွက်တာကို စီစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီအလယ်တန်းအဆင့်တွေ ပြည့်စုံသွားရင်တော့ ဆက်လက်ပြီး အထက်တန်းအဆင့်တွေကို ကိုယ်စားလှယ်တော်ကြီးတင်ပြသလိုပဲ တောင်ပေါ်၊ မြေပြန့်မကွင်းမကျန် ရအောင် အားလုံးဘဏ္ဍာငွေခွင့်ပြုသည်နှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေ စွာတင်ပြအပ်ပါတယ်။

**မိုးကောင်းမြို့နယ်၊ ကြာအင်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ)တွင် အမှန်တကယ် လိုအပ်လျက်ရှိသော ကျောင်းဆောင်သစ်အား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းနိုင်(မိုးကောင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာ ပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးကောင်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော့်မဲဆန္ဒနယ်မှာ အမှန်တကယ် လိုအပ် နေတဲ့ စာသင်ဆောင်တစ်ဆောင်ကို အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ပေးစေလိုတဲ့ ကြယ်ပွင့် ပြ မေးခွန်းနှင့်စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကြာအင်းကျေးရွာ အလယ်တန်း ကျောင်း(ခွဲ)မှာ ယခုစာသင်နှစ်မှာ ကျောင်းသူကျောင်းသားအားလုံး ၃၁၅ ဦး တက်ရောက် ပညာ သင်ကြားလျက်ရှိပါတယ်။ စာသင်ခန်းတွေလိုအပ်ချက်အရ လွန်ခဲ့တဲ့ငါးနှစ်လောက်ကတည်းက ပင်မ

အဆောင်ကနေ စာသင်ခန်းတစ်ခန်းကို တိုးချဲ့ပြီးတော့လည်း သင်ကြားခဲ့ရတာ ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ကျောင်းသားဦးရေတိုးတက်လာတဲ့အတွက် ယာယီဆောင်ကို ထပ်ပြီးမှ တစ်ဆောင်ဆောက်လုပ်ခဲ့ရပါတယ်။ ဖွံ့ဖြိုးမှုအားနည်းတဲ့ ကျေးရွာဖြစ်တဲ့အတိုင်းပဲ ယာယီဆောင်ဆိုတဲ့ အတိုင်း တကယ့်စာသင်လို့ဖြစ်ရုံ ဆောက်လုပ်ပေးနိုင်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။

ကျွန်တော့်ကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါ ကျွန်တော်မေးခွန်းမေးမြန်းတဲ့ ကြာအင်းအလယ်တန်းကျောင်း(ခွဲ) ဖြစ်ပါတယ်ခင်ဗျား။ ဒါ ကျွန်တော်တို့ မူလစာသင်ခန်းလိုအပ်ချက် အရ ပင်မစာသင်ဆောင်ကနေ အစွန်ဘက်မှာစာသင်ခန်းကို တိုးချဲ့ပြီးသင်ကြားခဲ့တာ ဖြစ်ပါတယ်။ ဒီ အဆောင်ကတော့ တကယ့်ကို တိုးတက်လာတဲ့ ကျောင်းသားအခြေအနေအရ ယာယီစာသင်ဆောင် တစ်ဆောင် ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့တဲ့အဆောင်လည်း ဖြစ်ပါတယ်။ တလက်စတည်းမှာ ကျွန်တော်တို့ တင်ပြချင်တာကလည်း မိုးကောင်းဆိုတဲ့အတိုင်း မိုးတွင်းကာလမှာ မိုးအင်မတန်များတဲ့ အတွက် ဒီလိုကျောင်းသူကျောင်းသားတွေ၊ ဆရာဆရာမတွေ ကျောင်းဝင်းထဲမှာရေကူးပြီးသွားနေရတဲ့ အခြေအနေလေးကိုလည်း တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဒီကြာအင်းအလယ်တန်းကျောင်း(ခွဲ)ကို ကြာအင်း၊ လွဲလော၊ လွဲစွန်း၊ မန်ပင်စတဲ့ရွာလေးရွာက အလယ်တန်းအဆင့်သင် ကျောင်းသူကျောင်းသားတွေ အားကိုးအားထားပြုလို့ ပညာသင်ကြားနေရ တာဖြစ်ပါတယ်။ ကျေးရွာတွေရဲ့ ဖွံ့ဖြိုးမှုအခြေအနေအရ အကြီးမားဆုံးလိုအပ်ချက်ဖြစ်တဲ့ ဒီစာသင် ဆောင်တစ်ဆောင်ကို အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်သူများ ကိုယ်စား အလေးထား၍ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ကချင်ပြည်နယ်၊ မိုးကောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းနိုင် ရဲ့မေးခွန်းဖြစ်သော ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ကြာအင်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ) တွင် အမှန်တကယ် လိုအပ်လျက်ရှိသော ကျောင်းဆောင်သစ်တစ်ဆောင်အား အနီးဆုံးဘဏ္ဍာရေးနှစ် တွင် လျာထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြပါ မယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အခြေခံ ပညာကျောင်းဆောင် တည်ဆောက်ရေးလုပ်ငန်းလေးခုကို ထည့်သွင်းလျာထားဆောင်ရွက်လျက်ရှိပါ ကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ တင်ပြပါအကြောင်းဖြစ်တဲ့ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ် ကြာအင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် အဆောင်(၁) ပေ ၉၀၊ ပေ ၃၀ အုတ်ညှပ်တစ်ထပ်ဆောင်တစ်ဆောင်၊ အဆောင်(၂) ပေ ၆၀၊ ၂၄ ပေ သွပ်မိုး၊ ပျဉ်ကာ၊ သမံတလင်းခင်း တစ်ထပ်ဆောင်တစ်ဆောင်၊ အဆောင်(၃) ၃၀ ပေ၊ ၂၄ ပေ သက်ကယ်မိုး၊ ပျဉ်ခင်း၊ ထရံကာတစ်ထပ် ဆောင်တစ်ဆောင်၊ အဆောင်(၄) ၃၀ ပေ၊ ၃၀ ပေ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း တစ်ထပ်ဆောင် တစ်ဆောင် စုစုပေါင်း ကျောင်းဆောင် လေးဆောင်ရှိပြီး ကျောင်းသားကျောင်းသူအင်အားအနေဖြင့် မူဆင့်သင်ကျောင်းသား ၁၀၅ ဦး၊ အလယ်တန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၂၁၄ ဦး စုစုပေါင်း ၃၁၉ ဦး ပညာသင်ကြားလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့သော်လည်း ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့လည်းကောင်း၊ ဒေသခံပြည်သူလူထု ဆန္ဒအရလည်းကောင်း၊ ကျောင်းသူကျောင်းသားများ ပညာသင်ကြားမှုအခွင့်အလမ်း ပိုမိုတိုးတက်စေ ရန်လည်းကောင်း တင်ပြပါမိုးကောင်းမြို့နယ် ကြာအင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)တွင် ပေ ၁၂၀၊ ပေ ၃၀ RCC တစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းခေါင်းစဉ်အောက်မှာ လျာထားတင်ပြမှာဖြစ်ပါတယ်။ ရန်ပုံငွေခွင့်ပြုချက်ရရှိလျှင် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ဝါးဖြူတောင်ရွာ အခြေခံပညာအထက်တန်းကျောင်းအား တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနအဖြစ် ဖွင့်လှစ်လိုသောကြောင့် သတ်မှတ်ထားသည့်အချက်အလက် များနှင့်ကိုက်ညီမှုရှိအောင်ဆောင်ရွက်ပြီး ၇-၉-၂၀၁၇ ရက်နေ့တွင် မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီးသို့ လုပ်ထုံးလုပ်နည်းအတိုင်း အဆင့်ဆင့်တင်ပြရာတွင် အကြောင်းပြချက်မရှိဘဲ နောင်နှစ်တွင်သာ ထပ်မံလျှောက်ထားရန်ညွှန်ကြားခဲ့သဖြင့် ၎င်းကျောင်းအား တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသောင်းစိန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဒုတိယဗိုလ်မှူးကြီးသောင်းစိန်(တပ်မတော်သားကိုယ်စားလှယ်)။** ။ အားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သောင်းစိန် ဖြစ်ပါတယ်။ ယခု ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ဝါးဖြူတောင်ရွာ အခြေခံပညာအထက်တန်းကျောင်းအား တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနအဖြစ်ဖွင့်လှစ်လိုသောကြောင့် ၎င်းကျောင်းအား စာစစ်ဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်နှစ်တွင် အဆင့်တိုးမြှင့်ပေးမည်ကို သိလိုကြောင်းမေးမြန်းထားတဲ့မေးခွန်းဖြစ်ပါတယ်။

မေးမြန်းရတဲ့အကျိုးအကြောင်းဖော်ပြချက်အနေနဲ့ ဝါးဖြူတောင်ရွာအခြေခံပညာအထက်တန်းကျောင်းသည် သပိတ်ကျင်းမြို့၏ စာစစ်ဌာနနှင့်အရှေ့ဘက် ၁၀ မိုင်ခန့်အကွာတွင် တည်ရှိတဲ့အတွက် နှစ်စဉ်မတ်လတွင်ကျင်းပသော တက္ကသိုလ်ဝင်စာမေးပွဲကို ၁၀ မိုင်ခန့်ကွာဝေးသော သပိတ်ကျင်းစာစစ်ဌာနသို့ သွားရောက်ဖြေဆိုရာမှာ တည်းခိုရာတွင်နေရာအခက်အခဲဖြစ်ခြင်း၊ နေထိုင်စားသောက်ရေးအဆင်မပြေခြင်း၊ ယာဉ်ငှားရမ်းခဈေးကြီးခြင်း၊ သာမန်မိဘများအတွက် ငွေကြေးအခက်အခဲရှိခြင်း၊ စရိတ်စကများပြားခြင်းများနှင့်ကြုံတွေ့ရလျက်ရှိပါတယ်။ ဝါးဖြူတောင်ရွာအခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းသားကျောင်းသူ ၉၃၆ ဦးရှိတဲ့အနက် ၂၀၁၈ ခုနှစ် မတ်လတွင်ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုသည့်ဦးရေ ၁၂၈ ဦးနှင့် ပြင်ပဖြေဆိုသူ ၁၀၀ ဦး စုစုပေါင်း ၂၂၈ ဦး ခန့်ဖြေဆိုခဲ့ပါတယ်။ ဝါးဖြူတောင်ရွာအနီးတွင် ရဲကင်းအမှတ်(၂)စစ်အခြေခံလေ့ကျင့်ရေးတပ်၊ ကျေးလက်ကျန်းမာရေးဆေးခန်းနှင့် အမှတ်(၂၀) တပ်မတော်ဆေးရုံ(ခုတင် ၁၀၀)ရှိတဲ့အတွက် လုံခြုံရေးနှင့်ကျန်းမာရေးအထောက်အကူပြုနိုင်ခြင်း၊ အဆိုပါကျောင်းသည် ဗဟိုစာစစ်ဌာနနှင့် ၁၀ မိုင်ခန့်ကွာဝေးခြင်း၊ ကျောင်းတွင်စာဖြေခန်း ၃၀ ဦးဆံ့ ၁၈ ခန်းနှင့် ထိုင်ခုံ၊ စားပွဲအလုံအလောက်ရှိခြင်းနှင့် ဆရာဆရာမအလုံအလောက်ရှိခြင်းတို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပနိုင်ရန် ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသောစံနှုန်းများနှင့်လည်းကိုက်ညီလျက်ရှိပါတယ်။

ယခင်ကလည်း စာစစ်ဌာနအဖြစ် အဋ္ဌမတန်းနှင့် စတုတ္ထတန်းစာမေးပွဲများကို ၂၀၁၅ ခုနှစ်မှ စပြီး အသုံးပြုခဲ့ပြီး မေးခွန်းနှင့်အဖြေလွှာများကို လုံလောက်သောလုံခြုံရေးအစောင့်အရှောက်များဖြင့် သွားရောက်ထုတ်ပေးခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုကဲ့သို့သော အချက်အလက်များနှင့်ပြည့်စုံနေတဲ့အတွက် အခြေခံပညာအထက်တန်းကျောင်း(ဝါးဖြူတောင်)ကို တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနအဖြစ်ဖွင့်လှစ်ပေးရန် လိုအပ်သောထောက်ခံချက်များအား အစီရင်ခံစာပြုစုပြီး မြို့နယ်

ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံးတို့မှတစ်ဆင့်တိုင်းဒေသကြီးပညာရေးမှူးရုံးသို့တင်ပြခဲ့ရာ တာဝန်ရှိသူအဆင့်ဆင့်မှ ကွင်းဆင်းလာရောက်စစ်ဆေးခဲ့သော်လည်း စာစစ်ဌာနအသစ်ဖွင့်လှစ်ခွင့်တင်ပြတောင်းခံထားသောအမှုတွဲအား မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် သက်ဆိုင်ရာဌာနများသို့ ဆက်လက်တင်ပြခြင်းမရှိတဲ့အတွက် ကျောင်း၏မိဘဆရာ အလုပ်အမှုဆောင်အဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှ မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး (ပညာ)နှင့် ၂၅-၁၀-၂၀၁၇ ရက်နေ့မှာသွားရောက်တွေ့ဆုံခဲ့ပြီး ကျောင်းအုပ်ကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ထပ်မံတွေ့ဆုံရာမှာ တင်ပြထားသော အမှုတွဲနှင့်ပတ်သက်ပြီး မည်သို့မှလမ်းညွှန်ခြင်းမပြုဘဲ လာမည့်ပညာသင်နှစ်တွင်သာ ထပ်မံလျှောက်ထားရန် ပြောဆိုခဲ့ပါတယ်။

ထို့ကြောင့် စာစစ်ဌာနအသစ်ဖွင့်လှစ်ခွင့်ပြုနိုင်ရေးအတွက် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့ မှာ မြို့နယ်ပညာရေးမှူးရုံးသို့ ထပ်မံတင်ပြခဲ့ရာ မြို့နယ်ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံး၊ တိုင်းဒေသကြီးပညာရေးမှူးရုံးတို့မှ အဆင့်ဆင့်ကွင်းဆင်းစစ်ဆေးပြီး ခွင့်ပြုသင့်ကြောင်းထောက်ခံခဲ့ပါတယ်။ ဒါ့အပြင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှလည်း အခြေခံပညာအထက်တန်းကျောင်း (ဝါးဖြူတောင်)ကို စာစစ်ဌာနအသစ်ဖွင့်လှစ်နိုင်ရေး ခွင့်ပြုထောက်ခံထားခဲ့ပါတယ်။ သို့သော်လည်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှာ ညွှန်ကြားရေးမှူးချုပ် အခြေခံပညာဦးစီးဌာန (နေပြည်တော်)သို့ ဆက်လက်တင်ပြထားခြင်းရှိ/မရှိအား မသိရှိရပါ။

အခြေခံပညာအထက်တန်းကျောင်း(ဝါးဖြူတောင်)နှင့်ပတ်သက်တဲ့ အချက်အလက်များကို Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ တင်ပြပါပုံကတော့ အခြေခံပညာအထက်တန်းကျောင်း (ဝါးဖြူတောင်)ရဲ့ ကောင်းကင်ဓာတ်ပုံဖြစ်ပါတယ်။ ကျောင်းဝင်ဆိုင်းဘုတ်နှင့် ဂိတ်အဝင်ပေါက်၊ ကျောင်းဝင်းအုတ်တံတိုင်းကာရံမှုအခြေအနေ ဖြစ်ပါတယ်။ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်(တိုင်းမှူး) ဗိုလ်ချုပ်ကျော်စွာလင်းမှ ပလတ်စတစ်စားပွဲနှင့်ထိုင်ခုံအစုံ ၁၀၀ လှူဒါန်းခဲ့တဲ့မှတ်တမ်းဓာတ်ပုံဖြစ်ပါတယ်။ မလိခဆောင်တစ်ထပ်ဆောင်မြင်ကွင်းဖြစ်ပါတယ်။ မေခဆောင်တစ်ထပ်ဆောင်မြင်ကွင်းဖြစ်ပါတယ်။ စစ်တောင်းဆောင်တစ်ထပ်ဆောင်မြင်ကွင်းဖြစ်ပါတယ်။ ချင်းတွင်းဆောင်တစ်ထပ်ဆောင်မြင်ကွင်း ဖြစ်ပါတယ်။ သံလွင်ဆောင်တစ်ထပ်ဆောင်မြင်ကွင်း ဖြစ်ပါတယ်။ ဧရာဝတီဆောင်နှစ်ထပ်ဆောင်မြင်ကွင်းဖြစ်ပါတယ်။ ကျား/မ သန့်စင်ခန်းများရဲ့မှတ်တမ်းပုံများဖြစ်ပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ အခြေခံပညာအထက်တန်းကျောင်း(ဝါးဖြူတောင်)ကို တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနအသစ်ဖွင့်လှစ်နိုင်ရေးအတွက် ဒေသခံပြည်သူများရဲ့ အခက်အခဲများအား ရှေးရှု၍ အခြေခံပညာအထက်တန်းကျောင်း(ဝါးဖြူတောင်)ရဲ့ တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနအဖြစ် ဖွင့်လှစ်နိုင်ရေးအား ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါကလည်း မည်သည့်နှစ်တွင်ဆောင်ရွက်ပေးမည်၊ မရှိပါကလည်း မည်သည့်အတွက်ကြောင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည်ကို ပြန်လည်ဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသောင်းစိန်၏ မေးခွန်းဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအား တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနအဖြစ် ဖွင့်လှစ်လိုသောကြောင့် သတ်မှတ်ထားသည့်အချက်အလက်များနှင့်အညီ ကိုက်ညီအောင်ဆောင်ရွက်ပြီး ၇-၉-၂၀၁၇ ရက်နေ့တွင် မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီးများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်တင်ပြရာတွင် တစ်စုံတစ်ရာအကြောင်းပြချက်မရှိဘဲ နောင်နှစ်တွင်သာထပ်မံ လျှောက်ထားရန်ညွှန်ကြားခဲ့သဖြင့် ၎င်းကျောင်းအား တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်နှစ်တွင်အဆင့်တိုးမြှင့်ပေးမည်ဖြစ်ကြောင်း သိလိုခြင်းနှင့်စပ်လျဉ်းပြီး ကျွန်တော် ဖြေကြားပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ တင်ပြပါ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနအသစ် ဖွင့်လှစ်ခွင့်ပြုရန် အမှုတွဲတင်ပြစဉ် အဆိုပါကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ကျောင်းသားကျောင်းသူ ၁၀၅ ဦးရှိပါတယ်။ ထို့အပြင် ဝါးဖြူတောင်ကျေးရွာတွင် ရဲစခန်းမရှိခြင်း၊ မေးခွန်းနှင့်အဖြေလွှာများ နေ့စဉ်သိမ်းဆည်းနိုင်ရန် လုံခြုံစိတ်ချရသော Bolt မရှိခြင်းတို့ကြောင့် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ စာစစ်ဌာနအသစ်ဖွင့်လှစ်ရန် အင်္ဂါရပ်များနှင့်မညီညွတ်ကြောင်း တင်ပြခဲ့တာကို

စိစစ်တွေ့ရှိရပါတယ်။ အဲဒီလိုစိစစ်မှုအရ ဝါးဖြူတောင် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်း၊ အလုပ်အမှုဆောင်အဖွဲ့တို့က ဝါးဖြူတောင်ကျေးရွာမှ နှစ်မိုင်ခန့်အကွာမှာရှိတဲ့ အမှတ်(၂)စစ်အခြေခံလေ့ကျင့်ရေးတပ်၏ လက်နက်တိုက်တွင် သိမ်းဆည်းခွင့်ပေးရန် အဆိုပါတပ်သို့ညှိနှိုင်းခဲ့ရာ အဆိုပါတပ်မှလည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကန့်ကွက်ရန်မရှိကြောင်း တပ်မှူးရဲ့ထောက်ခံတင်ပြချက်ကိုရရှိခဲ့ပါတယ်။

သို့သော် အဲဒီလိုထပ်မံညှိနှိုင်းပြီး တင်ပြချိန်မှာ စာစစ်ဌာနများအသစ်ဖွင့်လှစ်ရေး စီစဉ်ဆောင်ရွက်သည့်အချိန် ကျော်လွန်သွားသည့်အတွက် နောင်လာမည့် ပညာသင်နှစ်တွင် ထပ်မံလျှောက်ထားရန် ပြန်ကြားခဲ့ကြောင်း သိရှိရပါတယ်။ ယခု ဒီနှစ်မှာတော့ ဝါးဖြူတောင်အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမယ့်ကျောင်းသူကျောင်းသား ၁၂၃ ဦးရှိပြီး မေးခွန်းနှင့်အဖြေလွှာများ နေ့စဉ်သိမ်းဆည်းရန် သပိတ်ကျင်းမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ထားရှိရန် ကျွန်တော်တို့စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ လုံခြုံရေးအတွက် ရဲစခန်း၊ တိုင်းဒေသကြီးပညာရေးမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဆင့်ဆင့်ရဲ့ထောက်ခံချက်လည်းရရှိပြီးဖြစ်ပါတယ်။ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိ/မရှိကိုလည်း အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့မှ စိစစ်ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ယခုနှစ်အတွက် စာစစ်ဌာနအသစ်ဖွင့်လှစ်ဆောင်ရွက်ပြီးပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒုတိယဗိုလ်မှူးကြီးသောင်းစိန်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။ ယခုလိုဝန်ကြီးဌာနအနေဖြင့် စာစစ်ဌာနသစ်ဖွင့်လှစ်ပေးခဲ့ပြီးပါပြီလို့ ဖြေကြားခဲ့တဲ့အတွက် ဝန်ကြီးကိုဒေသခံပြည်သူများကိုယ်စား အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကိုပြီးခဲ့တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နိုဝင်ဘာလ ၂၁ ရက်နေ့ကစပြီး မေးခွန်းအဖြစ်တင်ပေးခဲ့တာဖြစ်ပါတယ်။ ဒီကနေ့မှာတော့ ဝန်ကြီးအနေနဲ့ ခွင့်ပြုပေးပြီးပြီလို့ဖြေကြားခဲ့ပေမဲ့ မနေ့ကအထိကတော့ စာစစ်ဌာနအသစ်ဖွင့်လှစ်ခွင့်ပြုတဲ့ အမိန့်စာတရားဝင်မရရှိသေးဘူးလို့သိရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒုတိတယဝန်ကြီးကို ဆက်စပ်မေးခွန်းမေးချင်တာကတော့ ဝါးဖြူတောင်ရွာ အ.ထ.က ကျောင်းရဲ့စာစစ်ဌာနအသစ်ဖွင့်လှစ်ခွင့်စာဟာ မည်သည့်ရက်စွဲနဲ့ထုတ်ပြန်ပေးခဲ့ပါသလဲဆိုတာ မေးမြန်းချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မှာ စာအသေးစိတ်ကတော့ ပါမလာပါဘူးခင်ဗျား။ ကျွန်တော် စိစစ်ပြီးကိုယ်စားလှယ်တော်ကြီးကို အကြောင်းပြန်မည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**အင်္ဂပူမြို့နယ်ရှိ အ.ထ.က(ခွဲ) လူပျိုတော်ကွင်းကျောင်းနှင့် အ.ထ.က(ခွဲ) ချင်းကုန်းကျောင်း နှစ်ကျောင်းအား အ.ထ.က အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးဝင်း(အင်္ဂပူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်ရှိ အ.ထ.က(ခွဲ) လူပျိုတော်ကွင်းကျောင်းနှင့် အ.ထ.က(ခွဲ)ချင်းကုန်းကျောင်းနှစ်ကျောင်းအား အ.ထ.က အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ သိလို၍ မေးမြန်းခြင်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်မှာ အ.ထ.က(ခွဲ)ကျောင်းမှ အ.ထ.က အဖြစ် ၂၀၁၇ ခုနှစ်မှာနှစ်ကျောင်း၊ ၂၀၁၈ ခုနှစ်မှာ တစ်ကျောင်း တိုးမြှင့်ပေးခဲ့ပါတယ်။ ပညာရေးဝန်ကြီးရဲ့ လွှတ်တော်တွင်းတွင် ကျောင်းအဆင့်တိုးခြင်းနှင့်ပတ်သက်၍ အထက်တန်းကျောင်းသားဦးရေ ၂၀၀ ကျော်လျှင်သော်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ၁၀ မိုင်အထက် ကွာဝေးလျှင်သော်လည်းကောင်း တိုးမြှင့်ပေးနိုင်ကြောင်း ပြောထားတာကိုလည်း သိရှိရပါတယ်။ ကျောင်းသားဦးရေ ၂၀၀ ကျော်ဆိုသောအချက်က ရှင်းလင်းပါသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ၁၀ မိုင်အထက်ဆိုသောအချက်မှာ ကုန်းလမ်းလား၊ ကုန်းလမ်းမရှိတဲ့ ရေလမ်းဖြင့်သွား နေရသောနေရာများမှာ ၁၀ မိုင်အထက်ပဲလားဆိုတာတော့ သေချာမသဲကွဲပါ။ သို့သော် လက်ရှိ မြို့နယ်မှာဖြစ်နေတာနဲ့တော့ လုံးဝလွဲနေတာကိုတွေ့ရမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ လက်ရှိအစိုးရလက်ထက်မှာ တိုးမြှင့်ပေးထားသော အ.ထ.က သုံးကျောင်းမှာ Power Point အတွင်းမှာ ဖော်ပြထားတဲ့ နံပါတ်(၁)၊ (၂)၊ (၃)ဖြစ်ပါတယ်။ အဲဒီ နံပါတ်(၁)၊ (၂)၊ (၃) ကတော့ ကျွန်တော်တို့ ၂၀၁၇ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်မှာ တိုးမြှင့်ထားတဲ့ အ.ထ.က သုံးကျောင်းဖြစ်ပြီးတော့ နံပါတ်(၄)၊ (၅)၊ (၆)ကတော့ မတိုးဘဲကျန်ရှိနေတဲ့ ကျောင်းသုံးကျောင်းဖြစ်ပါတယ်။ အဲဒီတော့ လက်ရှိ နံပါတ်(၁)၊ (၂)၊ (၃)မှာ နံပါတ်(၁)ဖြစ်တဲ့ အထက်တန်းကျောင်းမှာ ကျောင်းသားဦးရေက ၁၁၄ ယောက်ရှိပါတယ်။ နံပါတ်(၂) ဖြစ်တဲ့ကျောင်းကတော့ ကျောင်းသားဦးရေ ၁၃၇ ယောက်ဖြစ်ပါတယ်။ နံပါတ်(၃)ကျောင်း အ.ထ.က

မှာတော့ ကျောင်းသားဦးရေ ၈၅ ယောက်ရှိပါတယ်။ မတိုးဘဲကျန်ရှိတဲ့ အ.ထ.က(ခွဲ)သုံးကျောင်းက နံပါတ်(၄)ဖြစ်တဲ့ အ.ထ.က(ခွဲ)လူပျိုတော်ကွင်းကျောင်းက အထက်တန်းကျောင်းသားဦးရေ ၂၀၆ ဦး ရှိပါတယ်။ အ.ထ.က(ခွဲ)ချင်းကုန်းကျောင်းက ၁၄၄ ဦးရှိပါတယ်။ နံပါတ်(၆)ဖြစ်တဲ့ အ.ထ.က(ခွဲ) ဇောင်းတန်းကတော့ ကျောင်းသားဦးရေ ၁၈၉ ဦးရှိပါတယ်။ ဒီဇယားကိုကြည့်ရင် အ.ထ.က တိုးမြှင့်ပေးထားတဲ့ ကျောင်းသုံးကျောင်းရဲ့ အထက်တန်းကျောင်းသားဦးရေစာရင်းထက် ကျန်နေတဲ့ အ.ထ.က (ခွဲ)ကျောင်းသုံးကျောင်းရဲ့ ကျောင်းသားဦးရေစာရင်းက ပိုများနေပါတယ်။ အ.ထ.က သုံးကျောင်းရဲ့ လမ်းပန်းဆက်သွယ်ရေးကလည်း အ.ထ.က တိုးမြှင့်ပေးထားတဲ့ ကျောင်းသုံးကျောင်းရဲ့ လမ်းပန်း ဆက်သွယ်ရေးကလည်း ရာသီမရွေး ကား၊ ဆိုင်ကယ်သွားလို့ရတဲ့ ကျောက်ချောလမ်းပေါ်မှာ သုံး ကျောင်းလုံးတည်ရှိပါတယ်။ တစ်ကျောင်းနှင့်တစ်ကျောင်း အကွာအဝေးကလည်း ဇယားမှာဖော်ပြ ထားတဲ့ နံပါတ်(၁)ကျောင်းနှင့် နံပါတ်(၂)ကျောင်း၊ ဒီကျောင်းနှစ်ကျောင်းဟာ နှစ်မိုင်ခွဲခန့်သာကွာဝေး ပြီးတော့ နံပါတ်(၂)ကျောင်းနှင့် နံပါတ်(၃)ကျောင်းကတော့ တစ်မိုင်ခွဲလောက်ပဲ ကွာဝေးပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နံပါတ်(၄) ဇယားမှာပြထားတဲ့ အ.ထ.က(ခွဲ)လူပျိုတော်ကွင်း ကျောင်းဟာ အထက်တန်းကျောင်းသားဦးရေ ၂၀၆ ဦးရှိပြီးတော့ အနီးဆုံး အ.ထ.က ကျောင်းနဲ့ ၅ မိုင် ခန့်ကွာဝေးပါတယ်။ နှစ်မိုင်ခွဲခန့်ကတော့ လမ်းမကောင်းပါဘူး။ နှစ်မိုင်ခွဲခန့်ကတော့ ကျောက်ချောလမ်း လမ်းကောင်းပါတယ်။ လမ်းပေါ်မှာရှိတဲ့ တံတားတစ်စင်းဟာလည်း အလွန်ပဲပျက်စီးနေတဲ့အတွက် အန္တရာယ်များပါတယ်။ ကျောင်းသားဦးရေ ၂၀၀ ကျော်တဲ့အတွက် ဝန်ကြီးဌာနရဲ့သတ်မှတ်ချက်နဲ့ လည်း ကိုက်ညီတာကို တွေ့ရမှာဖြစ်ပါတယ်။ နံပါတ်(၅)အ.ထ.က(ခွဲ)ချင်းကုန်းကတော့ တစ်ချိန်တုန်း ကတော့ အောင်ချက်အကောင်းဆုံးကျောင်း ဖြစ်ခဲ့ပါတယ်။ အ.ထ.က(ခွဲ)ကျောင်းသက် ၁၉ နှစ်ရှိပါပြီ။ အနီးဆုံး အ.ထ.က ညောင်ကျိုးနဲ့ ၅ မိုင်ခန့်ကွာဝေးသော်လည်း ကုန်းလမ်းမဟုတ်ပါဘူး။ ရေလမ်း ဖြစ်ပါတယ်။ ၎င်းဒေသဟာ ဧရာဝတီမြစ်နဲ့ ငဝန်မြစ်တို့ဆုံတဲ့နေရာကို ဖြတ်သွားရတဲ့အတွက်လည်း အန္တရာယ်အလွန်များတဲ့နေရာ ဖြစ်ပါတယ်။ ၎င်းဒေသရဲ့ ကုန်းလမ်းဆိုတာကတော့ ရေကျသွားတဲ့ အချိန်မှာ တောင်သူလယ်သမားများစိုက်ပျိုးထားတဲ့ ကိုင်းကွင်းထဲမှာ ဖြတ်သွားရတဲ့လမ်း ဖြစ်ပါတယ်။ လမ်းလို့တောင် သတ်မှတ်လို့မရပါဘူး။ ဒါကြောင့် ကျောင်းသားဦးရေ မပြည့်မီသော်လည်း လမ်းပန်း ဆက်သွယ်ရေးခက်ခဲပြီး ပင်မကျောင်းကို ရေလမ်းအရ ၅ မိုင်လျှော့ တစ်နာရီခွဲခန့်သွားရလို့ အဆင့် တိုးသင့်တဲ့ကျောင်း ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ လွှတ်တော်နားရက်မှာ ကျွန်တော်တို့အဖွဲ့ ဒီလမ်းကို ဆင်းတာပါ။ ဒါကတော့ ငဝန်မြစ်နဲ့ဧရာဝတီမြစ် ဆုံနေတဲ့နေရာပါ။ လက်ယာဘက်ကိုသွားရင်

ဝေန်မြစ်ပါ။ အခု ကျွန်တော်တို့ လက်ဝဲဘက်ကိုသွားမှာပါ။ လက်ဝဲဘက်က ဧရာဝတီမြစ်ပါ။ ဒါကတော့ သူတို့ဆီက ကုန်းလမ်းပါ။ မိုးရာသီမှာ ဒီလမ်းက ဒီကုန်းပေါ်က အားလုံးရေပြည့်နေတဲ့နေရာ ဖြစ်ပါတယ်။ ဒါလည်းကုန်းလမ်းပါ။ သူတို့ဆီကသတ်မှတ်ထားတဲ့ ကုန်းလမ်းပါ။ ဒါမိုးရာသီမှာ ရေပြည့်နေတဲ့ လမ်းပါ။ ဒီလမ်းလည်း ဒီအတိုင်းပါပဲ။ ဒါကတော့ နောက်ထပ်တင်ပြမယ့် အခြေခံပညာ အထက်တန်းကျောင်း လက်ကြားကုန်းဖြစ်ပါတယ်။ ဒီအလယ်တန်းကျောင်းကလည်း အ.ထ.က(ခွဲ)အဆင့်ကို တိုးခဲ့တဲ့ ကိစ္စမှာ အ.ထ.က(ခွဲ)ချင်းကုန်းလိုပဲ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ရေလမ်းနဲ့သွားရပြီးတော့ ပင်မကျောင်း အ.ထ.က(ညောင်ကျိုး)နဲ့ ရှစ်မိုင်ခန့်ကွာဝေးတဲ့ အ.လ.က လက်ကြားကုန်းကျောင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအေးဝင်း၏မေးခွန်းဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်ရှိ အ.ထ.က(ခွဲ)လူပျိုတော်ကွင်းကျောင်းနှင့် အ.ထ.က(ခွဲ)ချင်းကုန်းကျောင်းနှစ်ကျောင်းအား အ.ထ.က အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော် ဖြေကြားတင်ပြပါမယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ်က ကိုယ်စားလှယ်တော်ကြီး၏မဲဆန္ဒနယ် ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်မှာ အခြေခံပညာမူလတန်းကျောင်းခွဲ တစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းနှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခြောက်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၁၂ ကျောင်း တိုးမြှင့်ခဲ့ပါကြောင်း တင်ပြခဲ့ပါတယ်။ တင်ပြပါ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ လူပျိုတော်ကွင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ အထက်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ ၂၀၆ ဦး၊ အနီးဆုံးအထက်တန်းအဆင့်သင်ကျောင်း ဖြစ်သော ကွင်းကောက် အခြေခံပညာအထက်တန်းကျောင်းနှင့် ငါးမိုင်ခန့်၊ ချင်းကုန်းအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် အထက်တန်းအဆင့်သင်ကျောင်းသားကျောင်းသူ ၁၄၃ ဦးသာရှိပြီး အနီးဆုံး အထက်တန်းအဆင့်သင်ကျောင်းဖြစ်တဲ့ ညောင်ကျိုးအခြေခံပညာအထက်တန်းကျောင်းနှင့်

ချောက်မိုင်ခန့် အသီးသီးကွာဝေးတာတွေ့ရပါတယ်။ တင်ပြပါကျောင်းများအနက်မှ အင်ပူမြို့နယ်၊ လူပျိုတော်ကွင်း အခြေခံပညာအထက်တန်းကျောင်းခွဲကိုတော့ ၂၀၁၉-၂၀၂၀ ခုနှစ်မှာ ကျောင်းအဆင့်တိုးမြှင့်ရေးဆောင်ရွက်ပေးမည်ဖြစ်ပြီး ချင်းကုန်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာတော့ ဦးစားပေး အစီအစဉ်မှာပါရှိခြင်းမရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါနှစ်ကျောင်းလုံးဟာ လက်ရှိမှာလည်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များဖြစ်နေတဲ့အတွက် အထက်တန်းဆင့်ပညာရပ်များ သင်ကြားမှုအခွင့်အလမ်း ရရှိနေပါကြောင်းနှင့် ကျွန်တော် ပထမမေးခွန်းမှာ ဖြေကြားတင်ပြသလိုပဲ အဆင့်ဆင့်ဆောင်ရွက်သည့်အခါမှာ မြေပြန့်၊ တောင်ပေါ်၊ ပြည်နယ်၊ ပြည်မ ဘယ်နေရာမှ မကွင်း မကျန်ဘဲ လိုအပ်တဲ့အတိုင်း ကျွန်တော်တို့ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေး စီစဉ်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။ မိုက်ပေးပါ။ အချိန်ကို လေးစားသောအားဖြင့် သတ်မှတ်ချိန်အတွင်းမှာ မေးမြန်းနိုင်အောင် ဆောင်ရွက်ဖို့လိုပါတယ်။

**ဦးအေးဝင်း(အင်ပူမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးရမယ်ဆိုလို့ရှိရင် ကျွန်တော် ခုနက တင်ပြထားတဲ့ Slide မှာ ပြထားတဲ့ နံပါတ်(၁)၊ (၂)၊ (၃)ကျောင်းတိုးထားတာမှာ ကျောင်းသားဦးရေလည်း ၂၀၀ မပြည့်ပါဘူး။ လမ်းပန်းဆက်သွယ်ရေးလည်း ဒီလမ်းတွေဟာဆိုလို့ရှိရင် ကျောက်ချောလမ်းဖြစ်တဲ့အတွက် နွေရော၊ မိုးရော သွားလို့ရတဲ့လမ်းဖြစ်ပါတယ်။ ဒီ အ.ထ.က(ချင်းကုန်း)ဟာ ဒီကျောင်းတွေ ထက်တောင်မှပဲ ကျောင်းသားဦးရေများပါသေးတယ်။ နောက်ပြီးတော့ ရေလမ်းသွားရတဲ့လမ်း ဖြစ်ပါတယ်။ ပထမ ကျွန်တော်တင်ပြခဲ့တဲ့ ကျောင်းဇယားမှာဆိုရင် နံပါတ်(၁)ကျောင်းမှာ ၁၁၄ ယောက်ရှိမယ်။ နံပါတ်(၂)ကျောင်းမှာ ၁၃၇ ယောက်၊ နံပါတ်(၃) ကျွန်တော်ပြထားတဲ့ အ.ထ.က ကျောင်း ၈၅ ယောက်ပဲရှိပါတယ်။ ဒီကျောင်းတွေကျတော့တိုးပေးပြီးတော့ လမ်းပန်းဆက်သွယ်ရေးလည်းကောင်းတယ်။ ကျောင်းသားဦးရေလည်းနည်းနေတဲ့ ဒီကျောင်းတွေကျတော့ အဆင့်တိုးပေးပြီးတော့ အခုလိုလမ်းပန်းဆက်သွယ်ရေးလည်း ခက်ခဲတယ်။ ကျောင်းသားဦးရေလည်း အဲဒီတိုးပေးထားတဲ့ ကျောင်းတွေထက်များတဲ့အတွက်ကြောင့်မို့လို့ ဘာကြောင့်တိုးမပေးတာလဲဆိုတာကို ကျွန်တော်သိချင်ပါတယ်။ ကျွန်တော်နယ်တွေကိုဆင်းသွားတဲ့အခါမှာ မဲဆန္ဒရှင်ပြည်သူတွေက မေးပါတယ်။ ကျွန်တော်နယ်မြေကို ဆင်းသွားတဲ့အခါမှာ လွှတ်တော်နားရက် လူထုတွေ့ဆုံပွဲမှာ ဒီကျောင်းတွေမှာပါတဲ့ ကျောင်းသားမိဘတွေနဲ့ တွေ့တဲ့အခါမှာ သူတို့ကမေးပါတယ်။ သူတို့ထက် ကျောင်းသားဦးရေနည်းပြီးတော့ လမ်းပန်းဆက်သွယ်ရေးပိုကောင်းတဲ့ ကျောင်းတွေကရပြီးတော့ သူတို့ကျောင်းကျတော့

ဘာလို့မရတာလဲလို့ မေးပါတယ်။ အဲဒီလိုမေးတဲ့အခါမှာ ကျွန်တော် မဖြေနိုင်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်အခုမေးချင်တာက ပထမနှစ်တိုးထားတဲ့ကျောင်းတွေထက် ကျောင်းသားဦးရေလည်းများတယ်။ လမ်းပန်းဆက်သွယ်ရေးလည်းခက်ခဲတယ်။ ဒီလိုကျောင်းတွေကျတော့ ဘာကြောင့်မတိုးတာလဲ။ ကျွန်တော်မဖြေနိုင်ခဲ့လို့ ဝန်ကြီးဌာနအနေနဲ့ ဖြေကြားပေးဖို့ မေတ္တာရပ်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ တင်ပြပါ ရှေးဦးကျောင်းတွေအနေနဲ့ကတော့ အမှုတွဲတင်ပြစဉ်မှာ စစ်ဆေးချိန်မှာ တွေ့ရှိချက်၊ သုံးသပ်ချက်များအရ ကျွန်တော်တို့ အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ တစ်ခုကို အဆင့်တိုးပေးပြီး နောက်တစ်ခုကိုမတိုးရဆိုတာ ကျွန်တော်တို့မှာမရှိပါ။ ကျွန်တော်တင်ပြလိုတာကတော့ ကိုယ်စားလှယ်တော်ကြီးအနေဖြင့် အဆင့်တိုးပြီးသားကျောင်းများအပေါ်မှာ မုဒိတာပွားပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ကျောင်းတွေဟာလည်း တစ်ကျောင်းက ရှေ့နှစ်တိုးပေးပါမယ်။ နောက်တစ်ကျောင်းလည်း ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**တံတားဦးမြို့နယ်၊ တောင်ဘီလူကျေးရွာ အခြေခံပညာအထက်တန်းကျောင်း တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်စိုးနွယ်အေး(တံတားဦးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ တံတားဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ တံတားဦးမြို့နယ်၊ တောင်ဘီလူကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် ဟံသာဝတီကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တောင်ဘီလူမှာ မူလတန်းကျောင်းကို ၁၉၁၀ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၈၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့မှာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီး၊ ၂၀၁၃ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ်

အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ မူလတန်းကျောင်းသားပေါင်း ၃၂၉ ဦး၊ အလယ်တန်းကျောင်းသား ၅၅၀ ဦး၊ အထက်တန်းကျောင်းသား ၂၀၆ ဦး စုစုပေါင်း ကျောင်းသားဦးရေ ၁၀၈၅ ဦးရှိပြီး နှစ်စဉ်ကျောင်းသားဦးရေ တိုးတက်များပြားလျက်ရှိပါတယ်။ တံတားဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တောင်ဘီလူမှာ စာသင်ခန်း ၂၄ ခန်း၊ စာသင်ဆောင်နှစ်ထပ်ကျောင်းဆောင်နှစ်ဆောင်၊ တစ်ထပ်ကျောင်းဆောင်ခြောက်ဆောင် ပေါင်း ရှစ်ဆောင်ပါရှိပါတယ်။ ကျောင်းဆောင်များ၊ ကျောင်းသုံးပရိဘောဂများ၊ စာသင်ခုံများ၊ အားကစားကွင်း၊ ရေလောင်းအိမ်သာများကအစ ပြည့်စုံလုံလောက်မှုရှိပြီး ကျေးရွာရပ်မိရပ်ဖများ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်များမှ အထူးအားပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မေးခွန်းပါ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရေး အတွက် ကျောင်းဆောင်အခြေအနေများကို တင်ပြလိုပါ၍ Power Point သုံးစွဲခွင့်ပြုပေးပါရှင်။ ဒါကတော့ မဟာသီဟသူရဆောင်ဖြစ်ပါတယ်။ တိမ်ကြားမင်းခေါင်အဆောင်၊ နေမျိုးစည်သူဆောင် ဖြစ်ပါတယ်။ ဗလမင်းထင်ဆောင်၊ မြဝတီဆောင်၊ အဆောင်သစ်တစ်ဆောင်၊ ယာယီဆောင်တစ်ဆောင်၊ ယာယီဆောင်(၁)၊ ယာယီဆောင်(၂) နောက်လက်ရှိ တောင်ဘီလူ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဟာ မြေပိုင်ဆိုင်မှုပုံစံ နှစ်(၃၀)ဂရန်အရ ၇.၁၃ ဧက အကျယ်အဝန်းရှိပြီး တံတားဦးမြို့၏ မြောက်ဘက်အရပ်တွင် တည်ရှိပြီး တံတားဦးမြို့အခြေခံပညာအထက်တန်းကျောင်း၏ လက်အောက်ခံကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ ဟံသာဝတီကျေးရွာမှာ အိမ်ခြေ ၇၆၁ အိမ်၊ လူဦးရေ ၃၈၂၅ ဦးရှိပြီး ဟံသာဝတီ ကျေးရွာအုပ်စု တောင်ဘီလူရဲ့ ပတ်ပတ်လည်မှာ မူလတန်းကျောင်း ၁၀ ကျောင်းရှိပြီး တောင်ဘီလူ အခြေခံပညာအထက်တန်းကျောင်းနှင့် အဝေးဆုံး ၂ မိုင်ခန့်သာရှိသဖြင့် နေချင်းပြန်ကျောင်းတက်နိုင်သော အခြေအနေရှိပါတယ်။ သို့ပါသောကြောင့် တံတားဦးမြို့နယ် တောင်ဘီလူ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် အထက်တန်းကျောင်းတစ်ကျောင်းရဲ့ အင်္ဂါရပ်အဖြစ် ပြည့်စုံညီညွတ်မှုရှိနေပါသဖြင့် အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ပါရန် မဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်

ပြီး မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်စိုးနွယ်အေး ၏ မေးခွန်းဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် တောင်ဘီလူကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့် စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ဒါပြီးခဲ့တဲ့နှစ်မှာ ကိုယ်စားလှယ်တော်ကြီး၏မဲဆန္ဒနယ် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်မှာ အခြေခံပညာ မူလတန်းလွန်ကျောင်းခုနစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ပေါင်းနှစ်ကျောင်း၊ အခြေခံ ပညာအထက်တန်းကျောင်းပေါင်း ငါးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းပေါင်း တစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၁၅ ကျောင်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ တောင်ဘီလူကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ လည်း ကျောင်းသားကျောင်းသူ ၂၀၆ ဦးခန့် အထက်တန်းအဆင့်ပညာသင်ကြားနေတာ တွေ့ရှိရ တဲ့အတွက် လာမယ့်နှစ်မှာ ကျောင်းအဆင့်တိုးမြှင့်ရေး အမှုတွဲတင်ပြလျှောက်ထားစေပြီး ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ရာဇသတ်ကြီးကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း**

**လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ၃၀-၁၁-၂၀၁၈ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေ

ကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်စိန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ယနေ့အစည်းအဝေးမှာ ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ဦးအောင်စိန်က ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ဝ၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂ဝ၁၉-၄၅

ရက် စွဲ၊ ၂ ဝ ၁ ၉ ခု နှစ်၊ ဖေ ဖော် ဝါ ရီ လ ၁၈ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၃ဝ-၁၁-၂ဝ၁၈ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/၂ဝ၁၈-၆၅၄

၁။ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း တင်သွင်းသော ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁ဝ-၈-၂ဝ၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၃ဝ-၁၁-၂ဝ၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ကိုလိုနီခေတ်မှ ယနေ့ထိ အတည်ပြုကျင့်သုံးသော ရာဇသတ်ကြီး( The Penal Code) ပုဒ်မ ၃၇၆ ပါ မုဒိမ်းမှုအတွက် ပြစ်ဒဏ်(Punishment for rape)တို့မှာ ကိုလိုနီခေတ်အချိန်အခါက လူနေမှုစရိုက်ပေါ်မူတည်၍ ပြဋ္ဌာန်းထားခြင်းဖြစ်သော်လည်း ယနေ့ခေတ်လူနေမှုစနစ်အရ ယဉ်ကျေးမှု၊ လူဦးရေတိုးမြင့်လာမှု၊ ပတ်ဝန်းကျင်အခြေအနေ၊ အသိပညာဗဟုသုတနည်းပါးမှု၊ ဆင်းရဲမွဲတေမှု၊ ဘဝမလုံခြုံမှုစသည့် အခြေအနေများကြောင့် သက်ငယ်မုဒိမ်းမှုများ တိုးပွားလာနေသည့်အတွက် လူမှုဘဝပတ်ဝန်းကျင်တစ်ခုလုံးကို ခြိမ်းခြောက်လာနေသကဲ့သို့ ဖြစ်ပေါ်နေသော သက်ငယ်မုဒိမ်းမှုများကို ထိန်းချုပ်ဟန့်တားနိုင်ရေးအတွက် ပြစ်ဒဏ်တိုးမြှင့်နိုင်ရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းက ရာဇသတ်ကြီးကို

**မူကြမ်း**

ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၃-၂-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ(၁၂)ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်ခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန်တင်ပြချက်များ ဇယားကို ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်၍ ဖတ်ကြားတင်ပြခြင်းမပြုတော့ပါ။

၄။ သို့ပါ၍ ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၉-၄၅

ရက် စွဲ၊ ၂ ၀ ၁ ၉ ခု နှစ်၊ ဖေ ဖော် ၀ါ ရီ လ ၁၈ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၃၀-၁၁-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/၂၀၁၈-၆၅၄

၁။ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း တင်သွင်းသော ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၀-၈-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၃၀-၁၁-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ကိုလိုနီခေတ်မှ ယနေ့ထိ အတည်ပြုကျင့်သုံးသော ရာဇသတ်ကြီး( The Penal Code) ပုဒ်မ ၃၇၆ ပါ မုဒိမ်းမှုအတွက် ပြစ်ဒဏ်(Punishment for rape)တို့မှာ ကိုလိုနီခေတ်အချိန်အခါက လူနေမှုစရိုက်အရ ယဉ်ကျေးမှု၊ လူဦးရေတိုးမြင့်လာမှု၊ ပတ်ဝန်းကျင်အခြေအနေ၊ အသိပညာဗဟုသုတ နည်းပါးမှု၊ ဆင်းရဲမွဲတေမှု၊ ဘဝမလုံခြုံမှုစသည့် အခြေအနေများကြောင့် သက်ငယ်မုဒိမ်းမှုများ တိုးပွား လာနေသည့်အတွက် လူမှုဘဝပတ်ဝန်းကျင် တစ်ခုလုံးကို ခြိမ်းခြောက်လာနေသကဲ့သို့ ဖြစ်ပေါ် နေသော သက်ငယ်မုဒိမ်းမှုများကို ထိန်းချုပ်ဟန့်တားနိုင်ရေးအတွက် ပြစ်ဒဏ်တိုးမြှင့်ရန် ရည်ရွယ် ချက်၍ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

**မူကြမ်း**

ဦးအောင်သိန်းက ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၃-၂-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာ နှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ(၁၂)ချက်နှင့်အတူ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့်ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း ၃ ပိုဒ်ပါရှိပါသည်။

(ခ) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အချက်(၂)ချက်ကို သဘောတူလက်ခံပါသည်။

(ဂ) ဥပဒေခေါင်းစီးရှိ ၂၀၁၈ ခုနှစ်ဆိုသည့် စကားရပ်ကို ၂၀၁၉ ခုနှစ်ဟု ပြင်ဆင်ပါသည်။

(ဃ) အခန်း(၁) အပိုဒ် ၁ ရှိ ၂၀၁၈ ခုနှစ်ဆိုသည့်စကားရပ်ကို ၂၀၁၉ ခုနှစ်ဟုပြင်ဆင်ပါသည်။

(င) အပိုဒ် ၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃။ ရာဇသတ်ကြီး ပုဒ်မ ၅၃ ၌ ပယ်ဖျက်ထားသော ဒုတိယတွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

Secondly.---Imprisonment for Life;

၄။ သို့ဖြစ်ပါ၍ ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်အချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၂-၂-၂၀၁၉ ရက် (သောကြာနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**မူကြမ်း**

**ဒေါ်ဇင်မာအောင်၊ ရန်ကင်းမဲဆန္ဒနယ်က တင်သွင်းသည့် ဒီဂျစ်တယ်စာတတ်မြောက်မှု(Digital Literacy)အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်စီမံကိန်းနှင့် (Digital Literacy Framework)မူဘောင် ရေးဆွဲချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ဇင်မာအောင်၊ ရန်ကင်းမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပဥ္စမနေ့(၂၈-၁-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားတဲ့ ဒီဂျစ်တယ်စာတတ်မြောက်မှု (Digital Literacy)အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်စီမံကိန်းနှင့် (Digital Literacy Framework)မူဘောင်ရေးဆွဲချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်ငါးဦး ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကင်းမဲဆန္ဒနယ်က ဒေါ်ဇင်မာအောင် တင်သွင်းသွားတဲ့ ဒီဂျစ်တယ်စာတတ်မြောက်မှုအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ဖို့ နိုင်ငံတော် အဆင့်မူဘောင်ရေးဆွဲချမှတ်ဆောင်ရွက်ဖို့ဆိုတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ Power Point အသုံးပြုပြီးတင်ပြခွင့်ပြုပါရှင်။ ကျွန်မတို့က ရေရှည်တည်တံ့ခိုင်မြဲဘက်စုံလူမှုစီးပွား တိုးတက်ဖို့အတွက် စီးပွားရေးမူဝါဒ(၁၂)ချက် ချမှတ်ထားတာ လေ့လာရပါတယ်။ လျှပ်စစ်ဓာတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများစတဲ့အခြေခံစီးပွားရေးအဆောက်အဦများ လျင်မြန်စွာတိုးတက်စေရေးကို ဦးစားပေးဆောင်ရွက်ရန်နှင့် Data IT Card System၊ Digital Government Strategy နှင့် e-Government System ထူထောင်သွားဖို့ဆိုတာလည်း ဒီမူဝါဒထဲမှာ ချမှတ်ထားပါတယ်။ ပြီးတော့ မြန်မာနိုင်ငံရဲ့ ဒီဂျစ်တယ်ပြောင်းလဲမှုကဏ္ဍကို အထောက်အကူဖြစ်စေဖို့အတွက်ဆိုပြီးတော့ ဒီဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီကိုလည်း ဖွဲ့စည်းပြီးဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအတွင်း ဒီဂျစ်တယ်စီးပွားရေးတစ်ရပ်

အောင်မြင်စွာပေါ်ထွက်လာရေးအတွက် နိုင်ငံတော်အစိုးရက ဦးဆောင်ပံ့ပိုးမှုရည်ရွယ်ဖွဲ့စည်းထားခြင်း ဖြစ်ကြောင်းကို ကော်မတီရဲ့ပထမဦးဆုံးအစည်းအဝေးမှာ နာယကအဖြစ်တာဝန်ယူထားတဲ့ ဒုတိယ သမ္မတကြီး ဦးဟင်နရီဗန်ထီးယူက ပြောကြားခဲ့ပါတယ်။ ၂၀၂၀ ခုနှစ် ရည်မှန်းချက်ဖြစ်တဲ့ Digital Economic Development Committee ရည်မှန်းချက်ဆိုလို့ရှိရင် ဒီဂျစ်တယ်စီးပွားရေး အကောင် အထည်ဖော်မှုကြောင့် GDP တိုးတက်နှုန်းဟာ ၅ ရာခိုင်နှုန်းအထိ တိုးတက်ဖို့အတွက် မျှော်မှန်း ထားပါတယ်။ သတင်းနှင့်နည်းပညာဘွဲ့ရများအတွက် အလုပ်အကိုင်ဖန်တီးနိုင်မှု ၇၅ ရာခိုင်နှုန်းနဲ့ စီးပွားရေးလုပ်ငန်းများမှာ ဒီဂျစ်တယ်စနစ်နဲ့ ဝန်ဆောင်မှုပေးဖို့အတွက်ဆိုရင် ၈၀ ရာခိုင်နှုန်းအထိ ရည်မှန်းထားပါတယ်။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှာ နည်းပညာအသုံးပြုမှု ၅၀ ရာခိုင်နှုန်းနှင့် ရောင်းဝယ်ရေးများမှာ ငွေစက္ကူမဲ့စနစ်ပြုလုပ်ဖို့ ရည်ရွယ်ထားတာကတော့ ၅၀ ရာခိုင်နှုန်းအထိ ရည်ရွယ်ထားပါတယ်။ ဒီရည်ရွယ်ချက်တွေ အောင်မြင်ဖို့ဆိုတာက ဒီဂျစ်တယ် စာတတ်မြောက်မှုရှိမှ ဖြစ်မှာပါ။ ရင်းနှီးမြှုပ်နှံမှုတွေကို လွယ်ကူစွာဆောင်ရွက်နိုင်ဖို့အတွက်ဆိုရင် ဒီဂျစ်တယ်စီးပွားရေးစနစ်တစ်ခု ထူထောင်ဖို့အတွက် ဒီဂျစ်တယ်ဂေဟစနစ်တစ်ခု လိုအပ်ပါတယ်။ အဲဒီအတွက် ကျွန်မတို့မှာ အခြေခံကောင်းတွေရှိပါတယ်။ Sim Card ထိုးဖောက်နိုင်မှုဟာ ၁၀၅ ရာခိုင်နှုန်းရှိပါတယ်။ ကွန်ပျူတာတစ်လုံးကဲ့သို့ အသုံးပြုနိုင်တဲ့ Smart Phone တွေဆိုတာလည်း ကျွန်မတို့ရဲ့လက်ထဲမှာ ၈၀ ရာခိုင်နှုန်းအထိတောင်မှပဲ တိုးတက်ပြီးတော့ ရှိနေပါတယ်။ ဒီလို အခြေခံ ကောင်းတွေရှိနေပေမဲ့လည်း ကျွန်မတို့ဟာ လူမှုကွန်ရက်သုံးတာ၊ ဖျော်ဖြေရေးအတွက်သုံးတာ လောက်သာပဲလုပ်ပြီးတော့ စီးပွားရေး၊ လူမှုရေးတိုးတက်ဖို့အတွက်မှာ အသုံးပြုဖို့အင်မတန်နည်းနေ တဲ့အခြေအနေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တရားမဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို အနည်းဆုံး တစ်ခါအသုံးပြုသူဟာ နိုင်ငံရဲ့ ၃၀ ရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်။ တရားဝင်ငွေကြေး ဝန်ဆောင်မှုလက်လှမ်းမီတဲ့သူဟာ ၂၀ ရာခိုင်နှုန်းရဲ့အောက်ကို ရောက်ရှိနေသေးတာပါ။ ဒီအခြေအနေ တွေကို ပြုပြင်ပြောင်းလဲမှ ဒီခေတ်နှင့်လျော်ညီပြီးတော့ နိုင်ငံတော်ကချမှတ်ထားတဲ့မူဝါဒတွေ အောင်မြင်လာမှာ ဖြစ်ပါတယ်။

ဒီဂျစ်တယ်စာတတ်မြောက်မှုကို ပိုမိုအကျိုးရှိတဲ့ ဝန်ဆောင်မှုတွေဖြစ်တဲ့ အွန်လိုင်းပညာရေးတို့၊ အီလက်ထရောနစ်ကုန်သွယ်ရေး၊ ငွေစက္ကူမဲ့ဒီဂျစ်တယ်ငွေကြေးဝန်ဆောင်မှုတွေ အသုံးပြုမှုနှင့် အစိုးရ ရဲ့အခြားသောဝန်ဆောင်မှုတွေမှာ အသုံးပြုလာဖို့အတွက်ဆိုလို့ရှိရင် ကျွန်မတို့ဟာ လက်ရှိ လူမှုကွန်ရက်လောက်မှာ လမ်းဆုံးမနေဘဲနဲ့ ဒီဂျစ်တယ်စာတတ်မြောက်မှုကို အားပေးဆောင်ရွက်ရ

တော့မှာ ဖြစ်ပါတယ်။ ပြီးတော့ ကျွန်မတို့လွှတ်တော်ကြီးက E-Government အကောင်အထည်ဖော်ဖို့အတွက်လည်း အတည်ပြုထားပြီးဖြစ်ပါတယ်။ E-Government မဟာဗျူဟာချမှတ်ပြီးတော့ ဆောင်ရွက်နေတာတွေလည်း ရှိပါတယ်။ ဒီဂျစ်တယ်စီးပွားရေးတို့၊ E-Government မဟာဗျူဟာတို့ကို ဝန်ကြီးဌာနအားလုံးက အပြည့်အဝလိုက်နာကျင့်သုံးဖို့တော့ လိုအပ်လျက်ရှိနေပါသေးတယ်ရှင်။ ဝန်ကြီးဌာနအားလုံးက နည်းပညာကို နေ့စဉ်လုပ်ငန်းဆောင်တာတွေမှာ အသုံးပြုဖို့လိုအပ်ပါတယ်။ အခု e-Government ဆိုပြီးတော့မှ ကျွန်မတို့က ၂၀၁၄ ခုနှစ်ကတည်းက ဘတ်ဂျက်တွေမှာ ဌာနတိုင်းကနေ တင်တောင်းပါတယ်။ လေ့ကျင့်တာတွေဆိုလို့ရှိရင်လည်း တွေ့ပါတယ်။ ဒါပေမဲ့လည်း လက်ရှိအခြေအနေအထိကို E-mail လေးတောင် တရားဝင်အသုံးပြုလို့မရတာ အင်မတန်ရှုပ်ဆိုးစေပါတယ်။ အစိုးရက ပြည်သူအတွက်ပေးထားတဲ့ဝန်ဆောင်မှုတွေကို Smart Phone Application တွေ၊ Wed Browser တွေပေါ်မှာ အသုံးပြုဖို့အတွက်ကို တိုးမြှင့်ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ ကျွန်မတို့ပြည်သူမှာ ဒီဂျစ်တယ်စာတတ်မြောက်မှုအားနည်းခြင်းကြောင့်မို့လို့ E-Government စနစ်ဝန်ဆောင်မှုတွေကို မသိတာ၊ မသုံးစွဲခြင်းကြောင့်မို့ နိုင်ငံသားတွေ စိတ်ဝင်စားမှုနည်းလာပြီဆိုရင် ကျွန်မတို့ရည်ရွယ်ထားတဲ့ E-Government က အောင်မြင်ဖို့ ခက်ခဲမှာဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်မတို့လွှတ်တော်က E-Government လုပ်ဖို့အတွက်ကိုလည်း ရှေ့ဆောင်လမ်းပြအနေနဲ့ အကောင်အထည်ဖော်စေချင်ပါတယ်။ အခုဆိုရင် မလိုအပ်ဘဲနဲ့ စာရွက်စာတမ်းအသုံးပြုမှုတွေများတယ်။ လူသားအရင်းအမြစ်တွေမှာလည်း မလိုအပ်ဘဲနဲ့ ဝန်ပိတာမျိုးတွေဆိုလို့ရှိရင် ဒါကို နည်းပညာနဲ့ပဲ ကျော်လွှားမှ ဖြစ်ပါတယ်။

ဥပမာအားဖြင့် ပြောရမယ်ဆိုလို့ရှိရင် အစည်းအဝေးအစီအစဉ်ဝေတဲ့စာရွက်ဆိုရင်တောင်မှ တစ်နေ့ကို နှစ်ရွက်က လျှာထားတဲ့အခါမှာ ဝေတယ်။ အစည်းအဝေးပေးတဲ့အခါမှာ နှစ်ရွက်ဆိုရင် ကိုယ်စားလှယ် ၆၀၀ ကျော်ရှိတဲ့အခါမှာ ကျွန်မတို့က ဒီဟာတောင်မှပဲ တော်တော်လေးကို စာရွက်မလိုအပ်ဘဲ ကုန်ကျမှုတွေ ဖြစ်ပါတယ်။ ကျွန်မတို့ကိုယ်စားလှယ်တိုင်းမှာလည်း တယ်လီဖုန်းတွေရှိပါတယ်။ လွှတ်တော်ကဆိုလို့ရှိရင်လည်း Web Page တွေမှာဆိုလို့ရှိရင်လည်း ဒီအစီအစဉ်တွေကို အမြဲတမ်းအချိန်နှင့်တစ်ပြေးညီ ဖော်ပြထားတာ ဖြစ်ပါတယ်။ ဒါက အနီးဆုံးဥပမာကို ပြောတာပါ။ ဌာနတိုင်း၊ ဌာနတိုင်းက မလိုအပ်ဘဲနဲ့စက္ကူတွေကို စားပွဲလိုရွှေ့နေတဲ့အတွက်က လူတွေကော ပင်ပန်းစေပါတယ်။ မလိုအပ်ဘဲနဲ့လည်း အချိန်တွေကုန်စေပါတယ်။ နောက်ပြီးတော့ အဆိုးဆုံးက ဘတ်ဂျက်ပါ။ ဘတ်ဂျက်ရာသီရောက်လို့ရှိရင် ကျွန်မတို့အခန်းရှေ့မှာ လူတစ်ရပ်လောက်ရှိနေတဲ့ဘတ်ဂျက်

စာအုပ်တွေရောက်နေပါတယ်။ တကယ်တမ်းက လက်သန်းလောက်ရှိတဲ့ Memory Stick ပေးပြီးတော့ ကိုယ်လိုတဲ့စာရင်းဇယားတွေအကုန်လုံးကို စာရိုက်ပြီးတော့ ရှာလို့ရနေတဲ့ခေတ်ကြီးထဲမှာ လွှတ်တော်ကြီးရဲ့ စာရွက်အသုံးပြုမှုဟာလည်း အင်မတန်မှကို ဘတ်ဂျက်တွေကိုလည်း လေလွင့်စေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့လွှတ်တော်ကြီးကနေလည်း E-Government အတွက်၊ နည်းပညာအတွက်ကို ဦးဆောင်လမ်းပြအနေနဲ့လည်း လုပ်သင့်ပါတယ်။ ပြီးတော့ အသုံးပြုတဲ့သူရော၊ ဝန်ဆောင်မှုပေးမယ့်သူတွေရောကို ဒီဂျစ်တယ်စာတတ်မြောက်မှုတွေ ရှိဖို့အတွက်ကို မူဘောင်တွေ ချမှတ်ပြီးတော့မှ အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးဖို့အတွက် ရန်ကင်းမဲဆန္ဒနယ်က ဒေါ်ဇင်မာအောင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင့်ဝါထွန်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ရန်ကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ ယခုအဆိုကို လေ့လာကြည့်တဲ့အခါမှာ ကျွန်မတို့နိုင်ငံရဲ့ဘက်စုံညီမျှဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို အထောက်အပံ့ဖြစ်စေမယ့်အဆိုတစ်ခုဖြစ်သလို အဂတိတရားလျော့နည်းပပျောက်ပြီးတော့မှ တရားဥပဒေစိုးမိုးရေးကို အထောက်အပံ့ဖြစ်စေမယ့်အဆိုတစ်ခုဖြစ်တယ်ဆိုတာကို ကျွန်မလေ့လာသိရှိရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုကို ဆွေးနွေးတဲ့အခါမှာ ကျွန်မတို့နိုင်ငံမှာ စီးပွားရေးမူဝါဒ(၁၂)ရပ် အနေနဲ့ ချမှတ်ထားပြီးတော့မှ စီးပွားရေးမူဝါဒ(၁)ဖြစ်တဲ့ ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်ဆိုတဲ့ အချက်အပေါ်မှာမူတည်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ်ဆိုတာ သုံးငွေတွေပါသလို၊ ရငွေတွေပါတာလည်း ဖြစ်ပါတယ်ရှင်။ ဒီအခါမှာ ကျွန်မတို့ သုံးငွေတွေကို လေ့လာကြည့်တဲ့အခါမှာ ၂၀ ရာစုမတိုင်မီကတည်းက တည်ဆောက်ခဲ့တဲ့ ပညာရေးဝန်ကြီးဌာနရဲ့ Multi Media Classroom တွေကို ကျွန်မတို့လေ့လာသိရှိချင်ပါတယ်။ ဒီလေ့လာလိုက်တဲ့အခါမှာ ယခုလက်ရှိအချိန်မှာ Multi Media Classroom တွေရဲ့အကျိုးရှိမှု၊ အသုံးဝင်မှု၊ အသုံးချမှုတွေကို လေ့လာကြည့်သင့်တယ်လို့ ထောက်ပြလိုပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ ပြည်သူ့ကျန်းမာရေးခိုင်မာအားကောင်းစေရန်အတွက် Mobile Tablet တွေကို အသုံးပြု

ပြီးတော့မှ အချက်အလက်တွေကို အချိန်နှင့်တစ်ပြေးညီ ရရှိစေရန်၊ သတင်းအချက်အလက်တွေကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ဒီအခါမှာလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရမယ့် လိုအပ်ချက်တွေ များစွာရှိနေသေးတယ်ဆိုတာကို လေ့လာသိရှိရမှာ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံကို လေ့လာကြည့်တဲ့အခါမှာ ပြည်တွင်းပြည်ပချေးငွေတွေ မြောက်မြားစွာနဲ့ ရှေ့ဆက်နေရတာ ဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ဘတ်ဂျက်လိုငွေတွေနဲ့ ရှေ့ဆက်ပြီးတော့မှ ချီတက်နေရတဲ့တိုင်းပြည်တစ်ခုဖြစ်ပါတယ်။ ဒီလိုအခါမျိုးမှာ ကျွန်မတို့နိုင်ငံရဲ့စီးပွားရေးခိုင်မာတောင့်တင်းဖို့အတွက် ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ကုမ္ပဏီဥပဒေအပါအဝင် ဥပဒေပေါင်းမြောက်မြားစွာကို ကျွန်မတို့ ပြင်ဆင်ခြင်းတွေ၊ ပယ်ဖျက်ခြင်းတွေ၊ အသစ်ပြဌာန်းခြင်းတွေ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုတွေ ပိုမိုခိုင်မာအားကောင်းလာပြီးတော့မှ လူထုယုံကြည်တဲ့၊ ပွင့်လင်းမြင်သာတဲ့ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုတွေကိုလည်း ပြုလုပ်ခဲ့တာ ကျွန်မတို့ယခုကာလဟာ ဒုတိယစက်ဝန်းကာလကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒီအခါမှာ နည်းပညာရဲ့ပံ့ပိုးမှုနဲ့ လူ့အရင်းအမြစ်တစ်ရပ်ထူထောင်ဖို့ လိုအပ်တာဖြစ်သလို၊ ဘဏ္ဍာငွေလိုအပ်ချက်တွေ ထက်ကြပ်မကွာလိုက်ပါလာမှာ ဖြစ်ပါတယ်ရှင်။

ကျွန်မတို့မြန်မာနိုင်ငံရဲ့ရေရှည်တည်တံ့ခိုင်မြဲပြီးတော့မှ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP 2018-2030)ကို ရေးဆွဲပြီးဖြစ်သလို ပန်းတိုင်(၂)ရဲ့မဟာဗျူဟာ ၂.၃ နှစ်သုံးနှစ်အနေဖြင့် တစ်နိုင်ငံလုံးအတွက် အီလက်ထရောနစ်ဖြင့် ပေးဆောင်ခြင်းစနစ်များ ချဲ့ထွင်ရန်ဆိုသည့် လုပ်ငန်းစဉ်ကို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်တွေထဲမှာ ပြဌာန်းထားတာ ဖြစ်ပါတယ်။ ဒီအချက်ကိုလည်း ကျွန်မတို့ဟာ မကြာမီမှာ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်ရှင်။ အခွန်ဆိုင်ရာစနစ်တွေ၊ စီမံခန့်ခွဲမှုတွေ ခိုင်မာအားကောင်းလာပြီဆိုရင် ဘတ်ဂျက်လိုငွေတွေကို ဖြည့်ဆည်းပေးရာရောက်သလို ဘက်ညီမျှတတဲ့ဖွံ့ဖြိုးတိုးတက်မှုတွေကို ချီတက်နိုင်ဖို့ လမ်းစဖြစ်လာမှာဖြစ်ပါတယ်။ ထို့အတူပဲ မိမိတို့ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်မှာ Monetary Policy ရှိသလို ငွေရေးကြေးရေးစနစ် တည်ငြိမ်မှုရှိရန်အတွက် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမူဘောင်တွေ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုတွေ၊ Banking System တွေကို လေ့လာကြည့်တဲ့အခါမှာ လက်ရှိမြန်မာနိုင်ငံမှာ Cashless Society ကိုသွားဖို့အတွက် ကျွန်မတို့ကြိုးစားနေတယ်။ Cash စနစ်ကိုပြောင်းလဲပြီးတော့ ကျင့်သုံးနေတယ်ဆိုတာကို ကျွန်မတို့ တွေ့ရပါတယ်။ Online ကိုအသုံးပြုပြီးတော့မှ ကျွန်မတို့ Mobile Banking System တွေကိုလည်း ပြောင်းလဲပြီးတော့ ကျင့်သုံးနေပြီဆိုတာ ကျွန်မတို့တွေ့ရှိရပါတယ်။ ဒါဟာ အင်မတန်ကိုမှကောင်းတဲ့၊ မဖြစ်မနေကျင့်သုံးရမယ့်စနစ်ဖြစ်ပါတယ်။ ဒီလိုပဲ

ကျွန်မတို့ အားနည်းချက်တွေ၊ စိန်ခေါ်မှုတွေကလည်း ရှိနေအုံးမှာဖြစ်ပါတယ်။ Cashless Society ဖြစ်လာတာနဲ့အမျှ ကျွန်မတို့နိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေတဲ့ ငွေကြေးဖောင်းပွမှုနှုန်းတွေကို ထိန်းချုပ်လာနိုင်မှာဖြစ်ပါတယ်။ စီးပွားရေးစနစ်တည်ငြိမ်မှုအလားအလာတွေနဲ့ ငွေကြေးစနစ် ခိုင်မာအားကောင်းလာမှာဖြစ်ပါတယ်။ ဒီအချက်အလက်တွေဟာ ရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲခေါ်နိုင်တဲ့၊ ဖိတ်ခေါ်နိုင်တဲ့ အခြေခံအဆောက်အဦဖြစ်တယ်လို့ ကျွန်မအနေနဲ့ ယုံကြည်တာဖြစ်ပါတယ်ရှင့်။ ဒီလိုဖြစ်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ နည်းပညာခေတ်ရဲ့စိန်ခေါ်မှုတစ်ရပ်ကို ကျွန်မတို့ရင်ဆိုင်ကျော်လွှားဖို့ မဖြစ်မနေကြိုတင်ပြင်ဆင်ရမယ့် အချိန်ကာလဖြစ်နေပြီဖြစ်တယ်ဆိုတာကို ထောက်ပြလိုပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ လွှတ်တော်ကြီးမှာပဲ ပေးထားတဲ့ Online ဝန်ဆောင်မှုတွေ၊ Intranet Network တွေ ကျွန်မတို့ အမှန်တယ် ကိုယ်စားလှယ်များ ထိထိရောက်ရောက် အသုံးချနိုင်ပြီ လား။ Facebook ကနေပြီးတော့မှ လွှတ်တော်သဘင်ဆောင်မှာ အင်တာနက်နဲ့ပတ်သက်တဲ့ အသုံးချမှုတွေကို ကျွန်မတို့ကို လာရောက်ဆွေးနွေးပေးခြင်းကသာလျှင် Digital Literacy ဟာ ဘယ်လောက်ထိအရေးပါတယ်ဆိုတဲ့ အခန်းကဏ္ဍကို ထောက်ပြနေတာဖြစ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေနဲ့ဆွေးနွေးလိုတာက စီးပွားရေးမူဝါဒသစ်အရလည်းကောင်း၊ စီးပွားရေးမူဝါဒ(၄)အပါ e-Government စနစ်ကို တည်ထောင်နေပြီဆိုတာဖြစ်တာဖြစ်သလို ကျွန်မတို့လွှတ်တော်ကြီးမှပဲ e-Government နဲ့ပတ်သက်တဲ့အဆိုကိုလည်း အတည်ပြုပြီးဖြစ်ပါတယ်။ e-Government နဲ့ပတ်သက်တဲ့ ကော်မတီကိုလည်း ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ထို့အတူ ARSEAN E-Commerce လက်မှတ်ရေးထိုးပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်နေပါပြီရှင်။ ဒီအခါမှာ ကျွန်မတို့နိုင်ငံရဲ့ အားသာချက်တစ်ရပ်အနေနဲ့ Smart Phone တွေ လူတိုင်းနီးပါးမှာ ရှိနေပါတယ်။ ဒီအားသာချက်ပေါ်ကမူတည်ပြီးတော့မှ ကျွန်မတို့ရဲ့ Mobile Device တွေကို ဘယ်လိုထိရောက်စွာ အသုံးချမလဲဆိုတဲ့ စိန်ခေါ်မှုကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့အတွက်ဆိုရင် Digital Literacy Framework ကို ရေးဆွဲပြဋ္ဌာန်းပြီးတော့မှ ၂၁ ရာစုရဲ့ စိန်ခေါ်မှုတွေကို ယုံယုံကြည်ကြည်နဲ့ ကျော်ဖြတ်ကြပါစို့လို့ တိုက်တွန်းရင်းနဲ့ ဒေါ်ဇင်မာအောင်ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရှင့်။ ရန်ကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်ရဲ့အဆိုကို ကျွန်မထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်က ဒစ်ဂျစ်တယ်စာတတ်မြောက်မှု (Digital Literacy)ကို သူ့အဓိပ္ပာယ်ဖွင့်ဆိုချက်လည်း ဖော်ပြပြီး ဖြစ်ပါတယ်။ အဲဒါကတော့ ဆက်သွယ်ရေးနည်းပညာကို အသုံးပြုနိုင်စွမ်းကို ထောက်ပြနေတာ ဖြစ်ပါတယ်။ ဒီနည်းပညာ Digital Literacy ဟာ မရှိမဖြစ်လိုအပ်တဲ့အခန်းကဏ္ဍဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ကမ္ဘာ့လူဦးရေရဲ့ ၄၀ ရာခိုင်နှုန်းခန့်က လူပေါင်း ၃.၂ ဘီလီယံခန့်ဟာ Online ပေါ်မှာ ရှိတယ်။ အခုအခါမှာ ၃.၄ တက်လာပါတယ်။ အဲဒါက International Telecommunication Union ကဆိုထားပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အင်တာနက်သုံးစွဲသူတွေ ၂.၅ ဘီလီယံရှိပြီးတော့ ဖွံ့ဖြိုးပြီးနိုင်ငံမှာ တစ်ဘီလီယံရှိကြောင်း ITU က ကိန်းဂဏန်းဖြင့်ဖော်ပြပါတယ်။ အင်တာနက် ထိုးဖောက်မှုကတော့ ဖွံ့ဖြိုးဆဲနိုင်ငံမှာ ၄၀ ရာခိုင်နှုန်း၊ ဖွံ့ဖြိုးပြီးနိုင်ငံမှာ ၈၁ ရာခိုင်နှုန်းရှိပါတယ်။
ထို့အတူ မြန်မာနိုင်ငံရဲ့မိုဘိုင်းသုံးစွဲမှုကမြင့်တက်လာတယ်။ ဒါပေမဲ့လို့ Digital Literacy အခြေအနေဟာ မိုဘိုင်းဖုန်းပညာကို ဘယ်လိုလုံခြုံစွာ၊ အကျိုးရှိစွာအသုံးပြုနိုင်မှုနဲ့ အလုပ်အကိုင် အခွင့်အလမ်း၊ ပညာရေးအခွင့်အလမ်းတွေအတွက် အထောက်အကူပြုသုံးစွဲခြင်းမျိုးမဟုတ်ဘဲနဲ့ လူမှုကွန်ရက်တွေမှာသာ အသုံးပြုနေတာတွေ့ပါတယ်။ အဲဒါက Digital အခြေခံတတ်မြောက်မှု အားနည်းနေကြောင်းကို မီးမောင်းထိုးပြသလို စိန်ခေါ်မှုဆိုတာလည်းမမှားပါဘူး။ ဒါတွေကိုဖြေရှင်း နိုင်ဖို့ အစိုးရရဲ့ Digital အခန်းကဏ္ဍက အဓိကဖြစ်လာတာကိုထောက်ပြနေပါတယ်။ Digital အစိုးရ ဖြစ်ဖို့လည်းလိုအပ်ပါတယ်။ အစိုးရနဲ့ပြည်သူကြားမှာ ယုံကြည်မှုပိုမိုတည်ဆောက်နိုင်သလို အစိုးရ ဝန်ဆောင်မှုလည်းတိုးတက်စေတယ်။ အစိုးရကပိုမိုတာဝန်ယူမှုရှိတဲ့နိုင်ငံတွေမှာ Digital နည်းပညာ ကို ပိုမိုချမှတ်နိုင်တဲ့အတွက် ဖွံ့ဖြိုးမှုအဟုန်ကလည်း အောင်မြင်တာတွေ့ပါတယ်။ Digital နည်းပညာ ဟာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ဥပဒေစိုးမိုးမှုခိုင်မာရေး၊ ပွင့်လင်းမြင်သာမှုတိုးတက်ရေး အပါ အဝင်အဓိကကျတဲ့ ဦးစားပေးကဏ္ဍတွေ၊ အစိုးရရဲ့ ကိုင်တွယ်မှုကိုအကူအညီပေးရာမှာ မရှိမဖြစ် လိုအပ်တဲ့ကိရိယာဖြစ်နေပါတယ်။ Digital အစိုးရအဖြစ် အသွင်ကူးပြောင်းလာရင် ကုမ္ပဏီတွေ၊ Online ကမှတ်ပုံတင်ခြင်း၊ အခွန်ဆောင်ရန်စာရင်းတင်ပြခြင်း၊ အစိုးရဝန်ဆောင်မှုစတာတွေ ဖွင့်လှစ် ပြီးတော့မှ ဆောင်ရွက်မှုကတစ်ဆင့် အစိုးရဝန်ဆောင်မှုပေးခြင်းကို တိုးတက်စေမှာဖြစ်ပါတယ်။

**မူကြမ်း**

အစိုးရဌာနအတွင်း ဌာနဆိုင်ရာကြားတွေမှာ ပူးပေါင်းဆောင်ရွက်မှုပိုမိုလွယ်ကူတဲ့ လုပ်ထုံးလုပ်နည်းအဖြစ် အရေးကြီးတဲ့ပေါင်းစည်းမှုလည်း လိုအပ်တယ်။ အစိုးရဝန်ထမ်းများကို အကောင်အထည်ဖော်နိုင်စွမ်းရှိအောင်လို့ ICT ကျွမ်းကျင်မှုသင်တန်းအတွက် ရင်းနှီးမြှုပ်နှံမှုလည်းလိုပါတယ်။ Digital Literacy ကို အစိုးရစီမံကိန်းနှင့်မူဘောင်ကိုဆွဲမယ်ဆိုရင် ပညာရေးပြုပြင်မှုကဏ္ဍမှာ မူလတန်းပညာမှာ ICT ကို စောစီးစွာထည့်သွင်းပေးရမှာဖြစ်ပါသလို အထက်တန်းပညာမှာ စျေးကွက်နဲ့ဆက်စပ်တဲ့ ICT အထူးပညာရေးတစ်ရပ်ကို ထည့်သွင်းဖို့လိုပါတယ်။ ဒါကတော့ ICT အခြေခံကျွမ်းကျင်မှုအတွက် ရေရှည်လိုအပ်ချက်ဖြစ်ပါတယ်။ မြင့်တက်လာတဲ့ လုပ်သားစျေးကွက်အတွက်လိုအပ်ချက်ပြည့်မီစေဖို့ Professional ICT သင်တန်းတို့လည်းပါဝင်ပါတယ်။ နိုင်ငံအတွင်းမှာအဆက်အသွယ်ပြတ်နေတဲ့ ပြတ်လပ်နေတဲ့ ရပ်ကွက်/ကျေးရွာလူထုတွေအဆင့်ဆင့်ကို ပညာရေးအခွင့်အလမ်းတွေရရှိပြီးတော့ ဆရာဆရာမတွေလေ့ကျင့်ရေးနဲ့ အရည်အသွေးမြင့်မားကြောင်းအကြောင်းအရာတွေကို ရယူနိုင်မှုကလည်း အများကြီးတိုးချဲ့နိုင်မှာဖြစ်ပါတယ်။ အမျိုးသမီးတွေ၊လူနည်းစုအုပ်စုတွေ၊ မသန်စွမ်းပုဂ္ဂိုလ်များအပါအဝင် အခွင့်အလမ်းနည်းပါးတဲ့ အသိုင်းအဝိုင်းများဟာလည်း Digital ကျွမ်းကျင်မှုကို သင်ယူခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းပိုမိုရရှိနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကမ္ဘာတစ်လွှားမှာ စာတတ်မှုနှုန်းကိုမြှင့်တင်နိုင်ဖို့ အင်တာနက်ချိတ်ဆက်မှုနဲ့တိုးတက်ဖို့ လက်လှမ်းမီလာတဲ့ Digital ကိရိယာတွေကိုသုံးနေတာတွေ့ပါတယ်။ နည်းပညာအသုံးပြုတဲ့ ကျောင်းသားတွေ၊ အသုံးမပြုတဲ့ကျောင်းသားတွေကို နှိုင်းယှဉ်မယ်ဆိုလို့ရှိရင် အသုံးပြုတဲ့ ကျောင်းသားတွေကပျမ်းမျှ ၁၀ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းတိုးတက်တာ တွေ့ပါတယ်။ ဒီလိုပြုပြင်ခြင်းအားဖြင့် Sustainable Development Goal (4) နဲ့ (8)ကိုမြှင့်တင်ရန် ဖြစ်ပါတယ်။နောက်ပြီးတော့ အစိုးရအနေနဲ့ Public Private Partnership ပုံစံနဲ့လည်း လုပ်နိုင်သလို CSR လည်းလုပ်ပေးရန်လိုပါတယ်။ ကျန်းမာရေးသတင်းအချက်အလက် စီမံကိန်းအားဖြည့်ဖို့ အရေးပေါ်အခြေအနေ၊ ကျန်းမာရေးကြိုတင်ပြင်ဆင်မှုတွေ တစ်ပြေးညီဆောင်ရွက်နေဖို့ ဒီနည်းပညာတွေလိုအပ်ပါကြောင်း တင်ပြရင်းနဲ့ ဒီအဆိုရှင်ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ဖြစ်ပြီး ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံမှာဆိုရင် SIM Card တွေရဲ့ ဈေးနှုန်းတွေကျဆင်းလာပြီးတဲ့နောက်မှာ မိုဘိုင်းဖုန်းကို ဝယ်ယူသုံးစွဲတဲ့သူတွေဟာ တိုးတက်များပြားလာခဲ့ပါတယ်။ ယနေ့အချိန်မှာတော့ ဆင်းရဲ၊ ချမ်းသာ ကျား၊ မ မရွေးဖုန်းတစ်လုံးကို ပိုင်ဆိုင်ကြတဲ့သူဟာ ရာနှုန်းပြည့်နီးပါးဖြစ်နေပါတယ်။ အဆိုရှင်ကတော့ ၂၀၁၆ ခုနှစ် စာရင်းဇယားတွေအရ အိမ်ထောင်စုတစ်ခုမှာ ဖုန်းတစ်လုံးပိုင်ဆိုင်တဲ့ ပိုင်ဆိုင်မှုရာခိုင်နှုန်းဟာ ၈၃ ရာခိုင်နှုန်းရှိတယ်။ အဲဒီအထဲမှာ Smart Phone က ၇၅ ရာခိုင်နှုန်းပါဝင်နေတယ် လို့ဆွေးနွေးသွားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ရဲ့ လက်ထဲမှာရှိတဲ့ ဒီ Smart Phone တွေ၊ Digital Device တွေကို အကျိုးရှိစွာ အသုံးပြုနိုင်ဖို့အတွက် Digital Literacy ဆိုတာ မဖြစ်မနေလိုအပ်တယ်လို့ ပထမဦးစွာ ဆွေးနွေးလိုပါတယ်။ ကျွန်မတို့ရဲ့လက်ထဲမှာရှိတဲ့ ဖုန်းတစ်လုံးပိုင်ဆိုင်ခြင်းဟာ ကျွန်မတို့ရဲ့ အနာဂတ်နှင့် ကျွန်မတို့ဆောင်ရွက်ချင်တဲ့လုပ်ငန်းတွေကို ဖန်တီးနိုင်ပါတယ်။

ကျွန်မတို့ဟာ မိမိတို့သိရှိလိုတဲ့ဘာသာရပ်အချက်အလက်တွေ ရှာဖွေလေ့လာနိုင်သလို အလုပ်အကိုင်အခွင့်အလမ်းတွေကိုလည်း ဒီ Online ကနေတစ်ဆင့် ရှာဖွေနိုင်တာဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့ နိုင်ငံတကာနှင့်ချိတ်ဆက်ပြီးတော့ Online ပညာရေးတွေကို တက်ရောက်နိုင်တဲ့အတွက် နောက်ထပ်ဒီဂရီတွေ၊ ဘွဲ့တွေကိုလည်း ယူနိုင်ပါတယ်။ နောက်တစ်ခု ဖုန်းရဲ့ Software တွေကတစ်ဆင့် ကျွန်မတို့သိလိုတဲ့ စိုက်ပျိုးရေးနည်းပညာတွေ၊ စာရင်းအင်းအချက်အလက်တွေ၊ သုတေသနတွေကိုလည်း လေ့လာနိုင်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ဟာ မိမိရဲ့အိမ်ထဲမှာထိုင်နေရင်းနဲ့ ကမ္ဘာကိုပတ်နိုင်သလို ကျွန်မတို့ အခွင့်အရေးတွေ၊ အခွင့်အလမ်းတွေဟာ Digital Literacy ကိုသာ သေသေချာချာနားလည်တတ်ကျွမ်းမယ်ဆိုရင် ကျွန်မတို့ရရှိနိုင်တဲ့ အခွင့်အရေးဖြစ်ပါတယ်။ ဒို့အပြင် ဖုန်းတစ်လုံးနဲ့ခရီးသွားခြင်းဟာဆိုလို့ရှိရင် ကောင်းကင်မြေပုံကနေ ဘယ်နေရာမှာ ဘာတွေရှိတယ်ဆိုတာကိုလည်း သေသေချာချာကြည့်နိုင်ပါတယ်။ ကျွန်မတို့လက်ထဲမှာရှိတဲ့ ဖုန်းတစ်လုံးဟာ ဂဏန်းပေါင်းစက်ကစပြီး ကွန်ပျူတာလိုတစ်ဖုံသုံးနိုင်တာမို့လို့ ဘယ်လိုသုံးရမယ်ဆိုတဲ့ Digital အသိပညာကိုသာ စနစ်တကျသိရှိဖို့ လိုအပ်တယ်လို့ ဆွေးနွေးလိုပါတယ်။

လူငယ်တွေ၊ ယောကျာ်းကလေးတွေကတော့ ကျွန်မတို့ မိန်းကလေးများထက် ပိုပြီးတော့ ဒီ Digital နည်းပညာပိုင်းဆိုင်ရာမှာ စိတ်လည်းဝင်စားကြတယ်။ ကျွမ်းလည်းကျွမ်းကျင်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့နိုင်ငံသားအားလုံး Digital Literacy ကို တတ်မြောက်ဖို့လိုပါတယ်။ ဒါမှသာ ဘက်ပေါင်းစုံကနေ ဖွံ့ဖြိုးတိုးတက်အောင်ကြိုးစားနေရတဲ့ ကျွန်မတို့နိုင်ငံအတွက် နိုင်ငံတကာရဲ့ သတင်းအချက်အလက်နည်းပညာတွေ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတွေကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မှာဖြစ်ပါတယ်။ ရှေ့ကနေ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသွားသလို ကျွန်မတို့ရဲ့ စီးပွားရေးမူဝါဒမှာလည်း အရေးကြီးတဲ့အချက်အနေနဲ့ Data၊ ID Card System တွေ၊ Digital Government Strategy တွေ၊ E-Government System တွေကို ထူထောင်သွားဖို့ ထည့်သွင်းရေးဆွဲထားတာဖြစ်ပါတယ်။ Data Center တွေ တည်ဆောက်ပြီးတော့ E-Government ကို ချောမွေ့စွာလည်ပတ်နိုင်မှသာ ကျွန်မတို့နိုင်ငံရဲ့ အစိုးရဝန်ဆောင်မှုလုပ်ငန်းတွေ ဟာ အဆင်ပြေချောမွေ့မြန်ဆန်မှာ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ ပြောပြရမယ်ဆိုရင် ကျွန်မတို့ လူဝင်မှုကြီးကြပ်ရေးဌာနက နိုင်ငံသားတွေရဲ့ မှတ်ပုံတင်လုပ်တဲ့နေရာမှာ ဒီမိသားစုသမိုင်းအစဉ်အဆက်တွေ လေ့လာရတာ၊ ပြန်လည်ရှာဖွေရတာနဲ့ အလွန်ပဲနှောင့်နှေးကြန့်ကြာပါတယ်။

ဒါကို ကျွန်မတို့က DNA နဲ့ Code လုပ်ထားမလား။ ဒီမှာအချက်အလက်တွေကို ကွန်ပျူတာနဲ့ ကျွန်မတို့က ထည့်သွင်းထားလိုက်မယ်ဆိုရင် အလွန်လျင်မြန်တဲ့ ဝန်ဆောင်မှုတွေကို ရရှိမှာဖြစ်ပါတယ်။ နိုင်ငံတကာနှင့်ယှဉ်ကြည့်မယ်ဆိုရင်တော့ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံဟာ Digital စာတတ်မြောက်မှုမှာ အတော်ကို နောက်ကျကျန်နေခဲ့တာ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေးကဏ္ဍမှာ ကုန်သွယ်မှုထက် ရင်းနှီးမြှုပ်နှံမှုတွေ ချောမွေ့ဖို့ ဘဏ်ဝန်ဆောင်မှုတွေနဲ့သာ အဓိကသုံးစွဲနေရတာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဘဏ်လုပ်ငန်းတွေကို လက်လှမ်းမီတဲ့ ပြည်သူလူထုကတော့ နည်းပါးနေပါသေးတယ်။ ဒါပေမဲ့ ယနေ့အချိန်မှာတော့ မိုဘိုင်းဖုန်းကနေတစ်ဆင့် ငွေကြေးလည်ပတ်မှု ဝန်ဆောင်မှုတွေ ပေါ်လာခြင်းဟာ ဖွံ့ဖြိုးရေးကိုနောက်ကျမှ လုပ်ဆောင်နေရတဲ့ ကျွန်မတို့နိုင်ငံအတွက် အားသာချက် ဖြစ်လာခဲ့ပါတယ်။ ဒီအချိန်မှာ ကျွန်မတို့ အမျိုးသမီးများအတွက်တော့ ပိုပြီးတော့တောင် အသုံးဝင်တယ်လို့ ဆွေးနွေးလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ရဲ့အိမ်အနီးပတ်ဝန်းကျင်မှာရှိတဲ့ အေးဂျင့်တွေကနေတစ်ဆင့် ကျွန်မတို့ဟာ ငွေတွေကိုထုတ်ယူနိုင်တယ်။ ပေးပို့နိုင်တယ်။ ကျွန်မတို့ငွေကြေးတွေကိုပေးချေနိုင်တယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့ဟာ အချိန်ကုန်သက်သာတယ်။ ခရီးစရိတ်လည်း သက်သာတယ်။ ငွေတွေထုတ်ယူတဲ့နေရာမှာ ခရီးဝေးပြန်လာရတာမဟုတ်တဲ့အတွက် လုံခြုံမှုလည်းရှိတယ်လို့ ဆိုနိုင်ပါတယ်။ အိမ်ထောင်တာဝန်ကို ထိန်းသိမ်းကြရတဲ့ အမျိုးသမီးတွေအနေနဲ့ Online Shopping ဆိုတဲ့ စီးပွားရေးကိုလည်း ပါဝင်လုပ်ဆောင်နိုင်တဲ့အတွက် အပိုဝင်ငွေရလာပြီး ဆင်းရဲမှုကိုလည်း လျှော့ချနိုင်တာ ဖြစ်ပါတယ်။ ဥပမာအနေနဲ့တော့ ကျွန်မက ကင်ညာနိုင်ငံကို ဥပမာပေးဆွေးနွေးလိုပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဒီနှစ်နှစ်၊ သုံးနှစ်လောက်မှာ Mobile Pay ဝန်ဆောင်မှုတွေကို ကျင့်သုံးလာတာ ဖြစ်ပေမဲ့ ဒီကင်ညာနိုင်ငံမှာတော့ ၂၀၀၇ ခုနှစ်ကနေ စတင်ခဲ့တာဖြစ်ပါတယ်။ သူတို့နိုင်ငံမှာ အေးဂျင့်ပေါင်း တစ်သိန်းတစ်သောင်းလောက်ရှိပြီးတော့ ATM စက် ၂၇၀၀ လောက် တပ်ဆင်ထားတယ်လို့ လေ့လာတွေ့ရှိရပါတယ်။ Mobile Money Service ၂၇၁ ခုနှင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံ ၉၃ နိုင်ငံအထိ ချိတ်ဆက်ဆောင်ရွက်နေတယ်လို့ သိရှိရပါတယ်။ တစ်နေ့မှာ ဒီငွေလည်ပတ်မှုကို ဆောင်ရွက်နေတဲ့ Account ပေါင်းဟာ ၃၃ သန်းလောက်ရှိပါတယ်။ နိုင်ငံမှာ Register လုပ်ထားတဲ့ Account ဟာ ၄၁၁ သန်းအထိရှိတယ်လို့လည်း တွေ့ရှိရပါတယ်။

အမျိုးသမီးတွေဟာ ပိုမိုသုံးစွဲပြီးတော့မှ ဒီ Mobile Pay၊ Mobile Shopping တွေလုပ်တဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းအပြင် အခြားစီးပွားရေးတွေပါလုပ်တော့ ဝင်ငွေတွေလည်းတိုးလာတယ်လို့ တွေ့ရှိရပါတယ်။ ၂၀၁၅ မှာ ပြန်လည်ဆန်းစစ်ကြည့်တဲ့အခါ Mobile Pay၊ Mobile Banking လုပ်ပြီးတဲ့နောက် ကင်ညာနိုင်ငံရဲ့ဆင်းရဲနွမ်းပါးမှုကို ၂ ရာခိုင်နှုန်းအထိ လျှော့ချနိုင်တယ်လို့ တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံကလည်း ဒါကိုအတုယူပြီးတော့မှ Mobile Pay စနစ်ကို ဒီထက်ကျယ်ကျယ်ပြန့်ပြန့် ကျွန်မတို့ ဆောင်ရွက်သင့်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနမှလည်း Mobile Tablet ဖြန့်ချိပြီးဆောင်ရွက်နေသလို၊ ပညာရေးဝန်ကြီးဌာနကလည်း Online School Management Information System ကိုကျင့်သုံးသင့်တယ်လို့ တိုက်တွန်းလိုပါတယ်။ ဒါကြောင့်မို့လို့ ဒစ်ဂျစ်တယ်အသိပညာ၊ ဒစ်ဂျစ်တယ်စာတတ်မြောက်မှုဟာ ကျွန်မတို့ကို အကျိုးကျေးဇူးများလာတဲ့အတွက် နိုင်ငံတော်ကစီမံကိန်းတွေ၊ မူဘောင်တွေချမှတ်ကာ စနစ်တကျဆောင်ရွက်သင့်ပါကြောင်းဆွေးနွေးရင်း ဒေါ်ဇင်မာအောင်ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မှုကြမ်း**

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဒလမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးအနေနဲ့ ရန်ကင်းမဲဆန္ဒနယ် မြေက ဒေါ်ဇင်မာအောင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျာ။ ဒီအဆိုဟာ ဒီဂျစ်တယ်စာတတ်မြောက်မှု(Digital Literacy) အရှိန်အဟုန် မြှင့်တင်ရေးနဲ့ (Digital Literacy Framework)မူဘောင်ရေးဆွဲချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရကို တိုက်တွန်းထားတဲ့အဆိုဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Digital Literacy ဆိုတာ ဒီဂျစ်တယ်စာတတ်မြောက်မှုလို့ အတိုဆုံးအဓိပ္ပာယ်ဖွင့်နိုင်သလို အဲဒီစွမ်းရည်ဟာ အင်တာနက်ကို ဘယ်လောက်ကောင်းကောင်းသုံးနိုင်သလဲ၊ သုံးစွဲတဲ့အခါမှာ သုံးစွဲသူက သူဘာလုပ် နေတာကိုသိရဲ့လား။ အွန်လိုင်းကို အန္တရာယ်ကင်းစွာ သုံးနိုင်သလားဆိုတဲ့အချက်တွေနဲ့ တိုင်းတာနိုင် ပါတယ်။ ဒါ့အပြင် နိုင်ငံမှာ ၂၀၁၂ ခုနှစ်ရောက်တဲ့အခါ အစိုးရရဲ့အားပေးမှုနဲ့ စီးပွားရေးပြုပြင် ပြောင်းလဲမှုများကြောင့် မိုဘိုင်းဖုန်းသုံးစွဲမှုဟာ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် မှာ အိမ်ထောင်စုအားလုံးရဲ့ ၈၃ ရာခိုင်နှုန်းဟာ မိုဘိုင်းဖုန်းအနည်းဆုံးတစ်လုံး ပိုင်ဆိုင်လာခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နှင့် ဆက်လက်ဆွေးနွေးခွင့်ပြုပါ ခင်ဗျာ။ နိမ့်ကျမှုများစွာရှိနေတဲ့ ကျွန်တော်တို့တိုင်းပြည်မှာ ဒီမိုဘိုင်းဖုန်းကို ဘယ်လိုသုံးသလဲ လေ့လာ ကြည့်ရင် အဖြစ်အများဆုံး အွန်လိုင်းနှောင့်ယှက်မှုတွေဟာ မသင့်လျော်သော စာတို၊ မက်ဆေ့များ ပေးပို့ခြင်းနဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များတင်ရန် ခြိမ်းခြောက်မှုဖြစ်နေတာ တွေ့ရှိရပါတယ်။ မြန်မာ့အွန်လိုင်းအလွဲသုံးမှုကို လေ့လာကြည့်ရင် ၂၀၁၈ ခုနှစ် ဇူလိုင်လမှာ လိုင်းအနေအထားရဲ့ ကျွမ်းကျင်သူပညာရှင်ရဲ့ ဖော်ပြချက်အရ မသင့်လျော်သောစာတိုများ လက်ခံရရှိမှု ၅၁ ရာခိုင်နှုန်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များတင်ရန် ခြိမ်းခြောက်မှု ၁၂ ရာခိုင်နှုန်း၊ ကိုယ့်ဓာတ်ပုံနဲ့ ဗီဒီယိုကို အွန်လိုင်းပေါ်မှာတင်ရင် အခြားသူမြင်နိုင်တယ်လို့ပြောနိုင်တဲ့သူ ၃၁ ရာခိုင်နှုန်း၊ ၄၆ ရာခိုင်နှုန်း ကတော့ သေသေချာချာမဖြေနိုင်ဘဲ တခြားသူတွေမမြင်နိုင်ဘူးလို့ဖြေတာ ၂၁ ရာခိုင်နှုန်းရှိတာ တွေ့ရ ပါတယ်။ E-mail သုံးတာက ၁၆ ရာခိုင်နှုန်း၊ Application သုံးတာက ၁၇ ရာခိုင်နှုန်းသာရှိတဲ့အတွက် ဖုန်းကိုခေါ်ဆိုရေးအတွက်သာ အဓိကအသုံးပြုနေပြီး ကျေးလက်တွေမှာ ဒီဂျစ်တယ်စာတတ်မြောက်မှု ဟာ အမှန်နိမ့်ကျနေတာ ထင်ရှားလှပါတယ်။ သတင်းအချက်အလက်ကိုရှာဖွေရာမှာ သူများအကူအညီ ရယူသူတွေဟာ ကိုယ်တိုင်လုပ်နိုင်သူတွေထက် နှစ်ဆများနေပြီး ရယူနိုင်မှုစွမ်းရည်မှာတော့ ကိုယ်တိုင်

လုပ်နိုင်သူတွေထက် ကိုယ်တိုင်မလုပ်နိုင်တဲ့သူက သုံးဆနည်းနေတာကို တွေ့ရပါတယ်။ ဒါ့အပြင် ကဏ္ဍပေါင်းစုံမှာ တခြားသူအကူအညီနဲ့သာ ဆောင်ရွက်နိုင်တာကိုလည်း ထင်ရှားစွာတွေ့နေရပါတယ်။ မြန်မာအမျိုးသမီးတွေဟာ အမျိုးသားတွေထက် ၃၃ ရာခိုင်နှုန်းလျော့ပြီး အင်တာနက်သုံးတာ တွေ့ရပါတယ်။ ဒီရာခိုင်နှုန်းတွေရဲ့ ဒီကဏန်းတွေအကြောင်းအရင်းကတော့ ခေတ်မီပြောင်းလဲမှု အရှိန်အဟုန် ဒီဂျစ်တယ်စာတတ်မြောက်မှုက အမီမလိုက်နိုင်တာပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီဂျစ်တယ် စာတတ်မြောက်မှုအားနည်းရင် နိုင်ငံထိခိုက်နိုင်ပါတယ်။ နိုင်ငံတော်အဆင့်စီမံကိန်းနဲ့ မူဘောင်ချဖို့ အဆိုရှင်က ဒါကြောင့်တိုက်တွန်းတာဖြစ်တယ်လို့ ယူဆရပါတယ်။

ဒီဂျစ်တယ်စာတတ်မြောက်မှုကို ဖော်ဆောင်မယ်ဆိုရင် ဥပဒေအနေနဲ့ Cyber Law ရေးဆွဲနေပြီလို့ အသံကြားရပေမဲ့လည်းရှိပြီးသား ဥပဒေတွေထဲမှာတော့ ဒီဂျစ်တယ်ဆိုတဲ့ စကားလုံးတောင် ရှာမတွေ့တာအမှန်ပဲဖြစ်ပါတယ်။ ဒါ့အပြင် ခေတ်လည်းမမီတော့ပါဘူး။ ဝေဖန်စရာဖြစ်လာပါတယ်။ ဥပမာ ကျင့်သုံးနေဆဲ ၁၉၉၆ ခုနှစ်၊ နဝတ ဥပဒေအမှတ်(၁၀/၉၆) ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေက သက်သေပဲဖြစ်ပါတယ်။ AI ခေါ်တဲ့ ဉာဏ်ရည်အတုခေတ်ကို တချို့ရောက်နေပြီး၊ တချို့သွားနေချိန် စတုတ္ထစက်မှုတော်လှန်ရေးခေါ် Digital Revolution ကို တစ်ကမ္ဘာလုံးက အကျွမ်းဝင်အောင် ဆောင်ရွက်နေချိန်မှာ ကျွန်တော်တို့ကကျန်နေမယ်၊ ချန်နေမယ်ဆိုရင် အာဆီယံမှာ UNICT အညွှန်းကိန်း(၁၅၀)ရှိနေတဲ့ ကျွန်တော်တို့နိုင်ငံဟာ ခါချဉ်ကောင် မာန်ကြီးပေမယ့် တောင်ကြီးတော့ဖြိုနိုင်မယ် မထင်လောက်တော့ပါဘူး။ Cyber ဥပဒေပြဋ္ဌာန်းရေးကစပြီး အားလုံးပါဝင်တဲ့ နိုင်ငံတော်အဆင့် စီမံကိန်းချမှတ်ပြီး အမျိုးသားအကျိုးစီးပွားအတွက် ကြိုးစားကြဖို့အချိန်တန်နေပြီလို့ ယူဆရပါတယ်။ ဖြစ်ရပါမယ်။ မြန်မာ့ဒီဂျစ်တယ်စာတတ်မြောက်မှုနဲ့ပတ်သက်ပြီး ခိုင်မာသောဥပဒေရှိရန်၊ အစိုးရမှ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းပြုမယ့် မူဘောင်တွေ၊ စီမံကိန်းတွေ၊ စီမံချက်တွေ၊ ထောက်ပံ့ကြေးတွေလုပ်ရန်၊ ကိုရီးယားနိုင်ငံ၊ စင်ကာပူနိုင်ငံများကို အမီလိုက်ရန်လိုအပ်နေပါကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြလိုပါတယ်ခင်ဗျား။ နိုင်ငံတော်အစိုးရပိုင်းက E-government ကို စတင်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက Mobile Tablet များအသုံးပြုပြီး ကျန်းမာရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရခိုင်ပြည်နယ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက Mobile Tablet များအသုံးပြု၍ ဘေးအန္တရာယ်ကြောင့်ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူခြင်းကိုကြိုဆိုပါတယ်။ လုပ်သင့်တာလည်းဖြစ်ပါတယ်။ ဒါပေမဲ့ အမျိုးသားအဆင့် ဒစ်ဂျစ်တယ်စာတတ်မြောက်ရေးမူဘောင်ချပြီး ဒစ်ဂျစ်တယ်စာတတ်မြောက်ရေး စွမ်းရည်မြှင့်

တင်ခြင်းနှင့် ပူးတွဲမဆောင်ရွက်နိုင်ရင်တော့ စွမ်းသလောက်မသန်စွမ်းနိုင်ဘူးလို့ ပြောကြားလိုပါတယ် ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလိုနိုင်ငံတော်အစိုးရက ဒစ်ဂျစ်တယ်စာတတ်မြောက်မှုနှင့်ပတ်သက်လို့ စွမ်းအားပြည့်မလုပ်ဆောင်တဲ့အချိန်မှာ Power Point မှာဖော်ပြထားတဲ့ အဖွဲ့အစည်းတွေကတော့ ဒစ်ဂျစ်တယ်စာတတ်မြောက်မှုအတွက် သူ့နည်းသူ့ဟန်နဲ့ တတ်နိုင်သလောက်ဆောင်ရွက်နေတာကိုလည်း အသိအမှတ်ပြု ကြိုဆိုအပ်ပါတယ်။ ဒီစွမ်းအားစုတွေကိုစုစည်း အားလုံးပါဝင်ပြီး လက်ရှိဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ မြန်မာ့ကွန်ပျူတာဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့လို ယခုထက်ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်အတွက် ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် တင်သွင်းသွားတဲ့ Digital Literacy နဲ့ပတ်သက်တဲ့အဆိုကို အတည်ပြုသင့်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## ဒေါ်ဇင်မာအောင်၊ ရန်ကင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဒစ်ဂျစ်တယ်စာတတ်မြောက်မှု(Digital Literacy) အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်စီမံကိန်းနှင့် (Digital Literacy Framework)မူဘောင် ရေးဆွဲချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားတဲ့ ရန်ကင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ဇင်မာအောင်အား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဒေါ်ဇင်မာအောင် တင်သွင်းတဲ့အဆိုသည် ကျွန်တော်တို့ လက်ရှိဝန်ကြီးဌာနက အသီးသီးက ဆောင်ရွက်နေတဲ့ E-Government လုပ်ငန်းများ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် နာယကအဖြစ်ဆောင်ရွက်နေတဲ့ E-Government အကောင်အထည်ဖော်ရေးကော်မတီ၊ နောက်ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနကဆောင်ရွက်နေတဲ့ ဒီအမျိုးသားပညာရည်မြင့်မားရေး မဟာဗျူဟာစီမံကိန်းလုပ်ငန်းစဉ်များနှင့် ထပ်တူထပ်မျှကျနေတဲ့အတွက် ဒါအချိန်အခါကိုက် တင်သွင်းတဲ့

အဆိုဖြစ်ကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ဒီအဆိုကို ထောက်ခံသွားတဲ့ ကိုယ်စားလှယ်တော်ကြီး ငါးဦးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး ငါးဦးတင်ပြချက်ထဲမှာ Digital Literacy Framework အတွက် ရှုထောင့်အသီးသီးကနေ၊ ကဏ္ဍအသီးသီးကနေ ထောက်ပြဆွေးနွေးသွားတာရှိပါတယ်။ ဒီဆွေးနွေးချက်များအားလုံးကိုလည်း ကျွန်တော်တို့ဆောင်ရွက်မည့် Digital Literacy Framework ဆောင်ရွက်ရာမှာ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အထူးအားဖြင့် ကျွန်တော်တို့ Digital Literacy Framework ကို အကောင်အထည်ဖော်ရာမှာ လက်တွေ့မူလတန်းအဆင့်ကစပြီး ဒါတစ်ဆင့်ပြီးတစ်ဆင့် ပညာရေးကဏ္ဍအသီးသီးမှာ ဆောင်ရွက်ဖို့သည် ICT Infrastructure တွေ၊ နောက်ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ Software များ၊ သင်တန်းများစသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်တိုးချဲ့ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလို တိုးမြှင့်တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနရဲ့ ဘတ်ဂျက်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများက စောင့်ရှောက်ပေးနိုင်ရန် တင်ပြအပ်ပါတယ်။ နိဂုံးချုပ်အားဖြင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဒေါ်ဇင်မာအောင်၊ ရန်ကင်းမဲဆန္ဒနယ်က တင်သွင်းတဲ့ ဒစ်ဂျစ်တယ်စာတတ်မြောက်မှု(Digital Literacy) အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်စီမံကိန်းနှင့် (Digital Literacy Framework) မူဘောင်ရေးဆွဲချမှတ်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပညာရေးဝန်ကြီးဌာနမှ ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်ဇင်မာအောင်(ရန်ကင်းမဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါ။ ပထမဦးဆုံးအနေနဲ့တော့ ကျွန်မရဲ့အဆိုကို ထောက်ခံပြီးတော့ ဆွေးနွေးသွားခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီကို ကျေးဇူးတင်တဲ့အကြောင်း ဦးစွာပြောကြားလိုပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့လည်း ကျွန်မရဲ့အဆိုကို အတည်ပြုပြီးထောက်ခံတဲ့အတွက်ကြောင့်မို့လို့ ကျေးဇူးလည်းတင်ပါတယ်။ ကျွန်မအနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် အဆိုမှာလည်း ကျွန်မဆွေးနွေးခဲ့ပြီးသားဖြစ်ပါတယ်။ ၂၁ ရာစုရဲ့စိန်ခေါ်မှုတွေကို ၂၀ ရာစုနည်းနာတွေနဲ့ ဖြေရှင်းလို့ရှိရင် ကျွန်မတို့ဘယ်လိုမှ ရှေ့ရောက်နိုင်မှာမဟုတ်ပါဘူး။ ၂၁ ရာစုမျိုးဆက်ရဲ့စိန်ခေါ်မှုဟာ ကြီးမားပါတယ်။ ပုံသဏ္ဌာန်လည်း ကွဲပြားပါတယ်။ ဒါကြောင့်မို့လို့ ဒီ ၂၁ ရာစုမှာကြီးပြင်းကြမယ့် လူငယ်တွေအတွက် ၂၁ ရာစုရဲ့စိန်ခေါ်မှုတွေကို ရင်ဆိုင်နေရတဲ့ ကျွန်မတို့ အစိုးရအတွက် လိုအပ်တာက ဒီ ၂၁ ရာစုပြဿနာကို ၂၁ ရာစုနည်းနာနဲ့ ဖြေရှင်းနိုင်ဖို့ဖြစ်ပါတယ်။ အဲဒီတော့

Digital Literacy ဆိုတာကလည်း လက်ထဲမှာရှိနေတဲ့ ဖုန်းတွေက စိန်ခေါ်မှုလည်းဖြစ်သလို အဲဒီစိန်ခေါ်မှုကို အသွင်ပြောင်းနိုင်ရင် အခွင့်အလမ်းတွေလည်းဖြစ်ပါတယ်။ တကယ်လို့ အခွင့်အလမ်းတွေကိုမှ အသုံးမချနိုင်ဘူးဆိုရင် ဒီစိန်ခေါ်မှုတွေမှာ ကျရှုံးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မဒီအဆိုကို တင်ရတဲ့ရည်ရွယ်ချက်ကလည်း ဒီစိန်ခေါ်မှုတွေကို အခွင့်အလမ်းအဖြစ်ပြောင်းလဲနိုင်ဖို့ဆိုလို့ရှိရင် အစိုးရမှာလည်း မူဝါဒတွေရှိနေပြီ တကယ့်ကိုချမှတ်ထားတဲ့ နှစ်ရှည်၊ နှစ်တို၊ ကာလတို၊ ကာလလတ်စီမံကိန်းတွေလည်း ရှိနေပြီးသားဖြစ်တယ်။ စီးပွားရေးနှင့်ပတ်သက်တဲ့မူဝါဒတွေလည်း ကောင်းကောင်းရှိနေပြီဖြစ်ပါတယ်။ သို့သော်လည်းပဲ လိုအပ်နေတာက တကယ့်အခြေခံ (Digital Literacy) ဖြစ်တဲ့ တတ်မြောက်မှုအနေအထား ဖြစ်ပါတယ်။ ဒါကိုသာမသင်ပေးနိုင်ဘူးဆိုလို့ရှိရင်၊ မတည်ဆောက်နိုင်ဘူး၊ မပြင်ဆင်နိုင်ဘူးဆိုလို့ရှိရင် ကျွန်မတို့ ဒီချောက်ကမ်းပါးကို ဖြည့်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်မရဲ့အဆိုကို အဆိုရှင်အနေနဲ့လည်းအတည်ပြုပေးဖို့ လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် ပန်ကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ဇင်မာအောင်၊ ရန်ကင်းမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ငါးဦးက ဆွေးနွေးပြီး ပညာရေးဝန်ကြီးဌာနက အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ဇင်မာအောင် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

(၁၆)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်(သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ (၂၀.၂.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm




**U Aung Htoo**



**Daw Khin Hnin Thit**

pyithu.hluttaw.mm



**U Khin Maung Yi**



**U Win Maw Htun**

pyithu.hluttaw.mm



**U Aung Soe Min**



**U Win Maw Htun**

pyithu.hluttaw.mm



**U Win Naing**



**U Win Maw Htun**

pyithu.hluttaw.mm



**It Col Thaung Sein**



**U Win Maw Htun**

pyithu.hluttaw.mm



**U Aye Win**



**U Win Maw Htun**

pyithu.hluttaw.mm



Daw Soe Nwe Aye



U Win Maw Htun

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်